မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်၊ ၂၀၁၂ ခုနှစ်၊ မေ ၁၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၁၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ပိုလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပိုလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Radoslaw Sikorski ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ၁၉၅၅ ခုနှစ်မှစတင်ခဲ့သော နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများ ပြန်လည်ဖော်ဆောင်ရေးအတွက် ခိုင်မာသောဆက်ဆံမှုများဖြင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေး၊ မြန်မာ-ပိုလန် နှစ်နိုင်ငံသည် သမိုင်းကြောင်းအရ နိုင်ငံရေး၊ စီးပွားရေးအသွင်ကူးပြောင်းမှုလက္ခဏာများ တူညီသောနိုင်ငံနှစ်နိုင်ငံဖြစ်၍ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံအတွင်း နိုင်ငံရေးတိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုများ၊ ပြည်တွင်းငြိမ်းချမ်းရေး ဖြစ်ပေါ်တိုးတက်မှုများနှင့် အေးချမ်းတည်ငြိမ်စွာဖြင့် ဒီမိုကရေစီစနစ်သို့ တစ်ဆင့်ပြီးတစ်ဆင့်ကူးပြောင်းရာတွင် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်၍ ဒီမိုကရေစီစနစ် ဆက်လက်ရှင်သန်ပြည့်စုံစေရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးတို့အတွက် ဥရောပသမဂ္ဂမှ စီးပွားရေးပိတ်ဆို့မှုများအား ယာယီရပ်ဆိုင်းခြင်းမှ အပြီးတိုင်ရုပ်သိမ်းပေးနိုင်ရေး၊ ပိုလန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွင်း စက်ရုံအလုပ်ရုံများ၊ သဘော်ာကျင်းလုပ်ငန်း၊ ရထားပို့ဆောင်ရေးဆိုင်ရာလုပ်ငန်း၊ စွမ်းအင်လုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံမည့် အခြေအနေများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာကဏ္ဍများတွင် အကူအညီများပေးအပ်နိုင်ရေးတို့ကို ခင်မင်ရင်းနှီးစွာဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ပိုလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Radoslaw Sikorski ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ပိုလန်နိုင်ငံ သံအမတ်ကြီး H. E. Dr. Jerzy BAYER နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် သမ္မတ ဦးသိန်းစိန် ပိုလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Radoslaw Sikorski အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် သမ္မတ ဦးသိန်းစိန် ပိုလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Radoslaw Sikorski ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ကမ္ဘာ့မြေလေ့လာရေးဂြိုဟ်တု တောင်ကိုရီးယား လွှတ်တင်မည် စာ-၄

ကမ္ဘာ့အကြီးဆုံး စာ-၄ ဆိုလာစွမ်းအင်စခန်း ဆားဘီးယား၌တည်ဆောက်နေ

ရုရှားဝန်ကြီးချုပ်နှင့်သမ္မတ ရာထူးချင်းဖလှယ်ကာ တာဝန်ယူလိုက်ကြပြီ စာ-၅

လီဗာပူးက ချယ်လ်ဆီးကို လေးဂိုး-တစ်ဂိုးသွင်း စာ-၁၀ အက်ဖ်အေဖလား ရှုံးကြွေးပြန်ဆပ်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မေ ၁၀ ရက်)

စိမ်းလန်းပါစေ ကမ္ဘာမြေ

ကမ္ဘာမြေသည် ကျွန်ုပ်တို့လူသားအားလုံးနှင့် သတ္တလောကတစ်ခုလုံး၏ နေအိမ်ဟု ပညာရှင်တို့က ဆိုစမှတ်ပြုကြ၏။ ကမ္ဘာမြေပေါ်မှာ မွေးဖွားသည်။ ကမ္ဘာက ကျွေးသည်။ နေစရာ၊ စားစရာ၊ ဝတ်စရာ အရာမှန်သမျှသည် ကမ္ဘာမြေက ပေးနေသည်။ ကမ္ဘာမြေ၏ ကျေးဇူးကား ကြီးမားလှပေစွ။

လူသားများ ထွန်ယက်စိုက်ပျိုးစားသောက်၍ရအောင် မြေကောင်းယာကောင်းများ ကမ္ဘာမြေက ဖန်တီးပေးထားသည်။ တစ်ခါတစ်ရံ သူ့မှာ နှစ်ပရိစ္ဆေဒက သိမ်းဆည်းထားသော တွင်းထွက်ရတနာများ၊ ဓာတ်သတ္တုများကို ထုတ်ပေးလိုက်သေးသည်။ ထို့ပြင်မက လူသားများသုံးစွဲနိုင်ရန် မြစ်ချောင်းအင်းအိုင် သမုဒ္ဒရာများကိုလည်း အသင့်ထားပေးလိုက်သေးသည်။ လူသားတို့အတွက် သုံးစရာ၊ စားစရာများ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် အလျှံအပယ်ထားပေးထားသည်။ သန်းခုနစ်ထောင်ကျော်သော လူသားများအား ကမ္ဘာမြေက အလုပ်အကျွေးပြုလျက်ရှိပေသည်။

ထို့ကြောင့် ကမ္ဘာမြေ အစဉ်သဖြင့်သန့်ရှင်းသာယာဖို့ လူတိုင်းတာဝန်မရှိပေလား။ ကမ္ဘာမြေ စိမ်းလန်းသာယာနေဖို့ လူတိုင်းတွင် တာဝန်ရှိပေသည်။ ကမ္ဘာမြေသန့်ရှင်းသာယာရေးသည် လူတစ်ဦးချင်း တစ်ယောက်ချင်းမှအစပြု၍ လုပ်ရမည့်ကိစ္စဖြစ်သည်။ မိမိတို့၏နေအိမ်ဝန်းကျင်တစ်ခွင် သန့်ရှင်းသာယာအောင် ပြုပြင်မွမ်းမံထားရှိခြင်းသည် ကမ္ဘာမြေကို သန့်ရှင်းအောင်ထားရှိခြင်း၏ ပထမအဆင့်ပင်ဖြစ်၏။ နေအိမ်ခြံဝင်းများအတွင်း အမှိုက်သရိုက်များ စည်းကမ်းတကျ စွန့်ပစ်ခြင်း၊ အရိပ်ရပင်၊ ပန်းအလှပင်၊ သီးပင်စားပင်တို့ဖြင့် လှပအောင် စိုက်ပျိုးထားနိုင်ခြင်းသည် ကမ္ဘာမြေကို သန့်ရှင်းလှပအောင် ဖန်တီးနေခြင်းပင်ဖြစ်၏။ ဤသို့ဖြင့် အိမ်တိုင်း၊ ရုံးတိုင်း၊ ကျောင်းတိုင်း၊ ရွာတိုင်း၊ မြို့တိုင်း၊ နိုင်ငံတိုင်း၊ တောတိုင်း၊ တောင်တိုင်းတို့တွင် ကမ္ဘာမြေကို သန့်ရှင်းသာယာလှပအောင် ဖန်တီးသွားကြရမည်မဟုတ်ပါလား။

ဤသို့ ကမ္ဘာမြေကို စိမ်းလန်းသာယာအောင် ထိန်းသိမ်းရမည့်အစား အမှိုက်သရိုက်၊ ကြွပ်ကြွပ်အိတ်များ တွေ့ရာပစ်နေမည်၊ သစ်ပင်တွေကို မစိုက်ဘဲ အလွန်အကျွံ ခုတ်ပစ်နေမည်၊ တောမီးများ ရှို့ပစ်နေမည်၊ သဘာဝအရင်းအမြစ်များ အလွန်အကျွံ ထုတ်ယူနေမည်ဆိုလျှင်ကား ကမ္ဘာမြေ စိမ်းလန်းသာယာလာဖို့မရှိ။ ညစ်နွမ်းဆုတ်ယုတ်ဖို့သာရှိသည်။ ''ဟာဗျာ ကမ္ဘာမြေညစ်နွမ်းတော့ ကျုပ်တို့နဲ့ ဘာဆိုင်လို့တုံး၊ ညောင်ဦးကမ်းပါးပြိုတာနဲ့ စမွာနဂိုရ်ပြည်က နွားမပေါင်ကျိုးတာနဲ့ မဆိုင်ရေးချ မဆိုင်''ဟု ပြောသူများ ရှိကောင်းရှိပေလိမ့်မည်။ အမှန်တကယ်တော့ ဆိုင်သည်။

ကမ္ဘာမြေကြီး ညစ်နွမ်းသွားပြီဆိုလျှင် ရာသီဥတုဖောက်ပြန်မည်၊ မိုးခေါင်မည်၊ ရေကြီးမည်၊ ကမ္ဘာကြီးပူနွေးလာမည်၊ သီးနှံအထွက်နှုန်းများကျ၍ အစာရေစာရှားပါးငတ်မွတ်ခေါင်းပါးမည်၊ မုန်တိုင်းများ ကျရောက်မည်၊ မြေလျှင်များလှုပ်မည်၊ ဆူနာမီရေလှိုင်းများဖြစ်ပေါ်မည် စသော သဘာဝဘေး အန္တရာယ်အမျိုးမျိုး ကျရောက်နိုင်သည်။ ကမ္ဘာ့လူသားများသည် ထိုသဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ အနက် တစ်နည်း သို့မဟုတ် တစ်နည်းကြုံနေကြရ၏။

သို့ဖြစ်ပါ၍ ကမ္ဘာမြေစိမ်းလန်းသာယာရေးသည် အရေးကြီးသည်။ ပတ်ဝန်းကျင်စိမ်းလန်းသာယာရေးလုပ်ငန်းစဉ်သည် လူသားအားလုံး၏ မွေးရာပါတာဝန်ဟု ခံယူထိုက်သည်။ အမှိုက်သရိုက်များကို စနစ်တကျစွန့်ပစ်ခြင်း၊ တောမီးရှို့၊ သစ်ပင်ခုတ်ခြင်းတို့မှ ရှောင်ကြဉ်ခြင်းတို့ဖြင့် ကမ္ဘာမြေ စိမ်းလန်းသာယာရေး ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်

မော်လမြိုင်ကျွန်း မေ ၉

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ မြို့မ ၁၂ရပ်ကွက် မိုးကုတ်ကျောင်းလမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၀ ရက် နံနက် ၁၀ နာရီက မိုးကုတ်ကျောင်းလမ်းထိပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ကိုယ့်အားကိုယ်ကိုး မိုးကုတ်ကျောင်းလမ်း ကွန်ကရစ်လမ်းသစ်အား ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးစန်းငွေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်လှိုင်နှင့် လမ်းအလှူရှင် ဦးညွန့်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ မိုးကုတ်ကျောင်းလမ်းကွန်ကရစ်လမ်းသစ်မှာ အလျား ၅၃၅ ပေရှိပြီး လမ်းအလှူရှင်များနှင့် ရပ်ကွက်ပြည်သူများ စုပေါင်းလှူဒါန်းငွေကျပ် ၆၅ သိန်းဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (ဝ၆၅)

မြဝတီရုပ်မြင်သံကြား

၁၀-၅-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၅ တရားတော်
- ၇း၂၀ ဓမ္မပူဇာတေး
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

- ၄း၂၀ ဇာတ်လမ်းတို
- ၄း၂၅ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၃၀ ဗွီစီဒီကျော်ကြားတေး
- ၄း၄၀ မွေးမြူသုတ
- ၄း၅၀ မြန်မာသံစဉ်ချိုနားဝင်
- ၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆၁၅ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ထူးဆန်းထွေလာမျက်လှည့်ပညာ နိုင်ငံတကာသတင်း မိုးလေဝသသတင်း အနုပညာရှင်၏တစ်နေ့တာ

ရိုးရာပန်းပညာရှင်များအစည်းအရုံး မုဒုံမြို့နယ်၌ ဖွဲ့စည်းတာဝန်ပေးအပ်

မုဒုံ မေ ၉

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)မှ မွန်ပြည်နယ် မုဒုံမြို့နယ် ရိုးရာပန်းပညာရှင်များ အစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း အခမ်းအနားကို မုဒုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မေ ၃ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းက အမှာစကားပြောကြားပြီး ရိုးရာပန်း(ဗဟို)ဥက္ကဋ္ဌ ဦးမောင်မောင်လှမြင့်က အစည်းအရုံးဆိုင်ရာ ကိစ္စရပ်များ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သစ်ရွေးကောက်တင်မြှောက်မှု ဆိုင်ရာများနှင့် အစည်းအရုံးကြီး၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအရုံးဝင် ပညာရှင်များ၏ ဘဝမြှင့်တင်ရေး၊ ပညာရပ်ဆိုင်ရာ တိုးတက်မှုများ ရှာဖွေလုပ်ဆောင်ရေးအတွက် လိုအပ်သော အထောက်အပံ့အဖြစ် စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ရေးလုပ်ငန်းများ ပေါ်ပေါက်လာပါက မြို့နယ်အစည်းအရုံးဝင် ပညာရှင်များ ပါဝင်ဆောင်ရွက်နိုင်ရေးနှင့် ဖွဲ့စည်းရေးဆိုင်ရာ ကိစ္စရပ်များကို ရိုးရာပန်း(ဗဟို) အတွင်းရေးမှူး ဦးနီပိုဦးက ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

စေတီတော် ထီးတော်တင်လှူ

ရန်ကုန် မေ ၉

ရန်ကုန်တိုင်း ဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဆုတောင်းပြည့် ရန်မျိုးအောင် စေတီတော်မြတ်ကြီး၏ (၅၁)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပွဲနှင့် အရှေ့ဘက်မုခ် ပရိဝုဏ်၌ တည်ထားသော ဉာဏ်တော် ၁၁ တောင်ရှိ ပြည်လုံးချမ်းသာ ကပ်ကျော်စေတီတော် ထီးတော်တင်လှူပွဲ အခမ်းအနားကို မေ ၅ ရက် နံနက် ၆ နာရီက ကျင်းပသည်။ အခမ်းအနားတွင် ဆရာတော်သံဃာတော်များ၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဗောဓိညောင်ပင်အား ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။ ဆက်လက်၍ နံနက် ၈ နာရီ ၂၅ မိနစ်တွင် အလှူရှင် ဒေါ်ပညာဝတီ (ခ) ဒေါ်မြင့်မြင့်ခင်၊ ဦးရဲမင်း၊ မသီတာခိုင် မိသားစုတို့က မတည်၍ ခုနစ်ရက်သားသမီးအများကောင်းမှုတို့ဖြင့် တည်ထားခဲ့သော ပြည်လုံးချမ်းသာ ကပ်ကျော် စေတီတော်အား ထီးတော်တင်လှူခဲ့ကြကြောင်း သိရှိရသည်။ **(စမ်းစမ်းကြည်-သဃ်န်းကျွန်း)**

တွံတေးမြို့နယ်၌ စူဠဘွဲ့နှင်းသဘင်ကျင်းပ

ရန်ကုန် မေ ၉

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည့် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို မေ ၃ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပရာ အခမ်းအနားသို့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ (သုဓမ္မာ)ဆရာတော်နှင့် အကျိုးတော်ဆောင်များ၊ စာအောင်သံဃာတော်များ တက်ရောက်ပူဇော်ခံပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်၊ မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးစိုးလှိုင်ဦး၊ မြို့နယ်သာသနာရေးဦးစီးမှူး ဦးဗိုလ်ဆန်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်သာသနာ့နုဂ္ဂဟဥက္ကဋ္ဌဦးကျော်သန်းနှင့် အမှုဆောင်များ၊ မြို့ပေါ် ရှစ်ရပ်ကွက်မှ ရပာန်းရှင်လူပြည်သူများ တက်ရောက်ကြည်ညိုပူဇော်ကြသည်။အခမ်းအနားတွင် ပထမကြီး၊ ပထမလတ်၊ ပထမငယ် စာအောင်သံဃာတော်နှင့် သီလရှင် ၇၅ ပါး၊ အဘိဓမ္မာရိုးရိုး၊ ဂုဏ်ထူးဝိသုဒ္ဓိမဂ်၊ သံယုဂ်မြန်မာပြန်လူပုဂ္ဂိုလ် ၈၂ဦးတို့အား အောင်လက်မှတ်များ ဆက်ကပ်ပူဇော်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

ဘဝလမ်းညွှန်စာကြည့်တိုက် အဆောက်အအုံသစ် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် ဖွင့်လှစ်

ရန်ကုန် မေ ၉

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၂၅)ရပ်ကွက် ဘဝလမ်းညွှန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၇ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်နှင့် အမှတ်(၂၅)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးငွေဝင်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ရန်ကုန်အရှေ့ပိုင်း ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိတို့က စာအုပ် ၁၀၀ စီကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးက စာကြည့်တိုက်ငွေပဒေသာပင်အတွက် အလှူငွေ ကျပ် ၁၀၀၀၀ ကိုလည်းကောင်း၊ အမှတ်(၂၅)ရပ်ကွက် အုပ်ချုပ်ရေးမှူးက ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားဖမ်းစက်တစ်လုံးတို့ကို လည်းကောင်းပေးအပ် လှူဒါန်းကြသည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့က စာဖတ်ခန်း၌ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ၏ စာပေလေ့လာ ဖတ်ရှုမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (ဝ၂၅)

ရတနာတန်းဝင် ကျွန်းပင်များ စိုက်ပျိုးရန် သီပေါ၌ ပြင်ဆင်

သီပေါ မေ ၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်တွင် ရတနာတန်းဝင် ကျွန်းပင်များကို စီမံချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ၂၀၁၂-၂၀၁၃ ခုနှစ် စံလောင်းကျေးရွာ နမ့်ကြိုးပိုင်း အကွက်အမှတ် (၂၀)တွင် စီးပွားရေးကျွန်းစိုက်ခင်းဧက ၅၀ အတွင်း ကျွန်းပင်သုံးသောင်းကျော် စိုက်ပျိုးရန် မေ ၆ ရက် နံနက်က ဝန်ထမ်းများ ပန္နက်တင်၍ မြေကျင်းတူးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ထို့အပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အထောက်အကူပြု တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာပင် ၂၀၊ ယူကလစ် တစ်ရွာတစ်ဧက၊ ကျေးရွာ ထင်းစိုက်ခင်း မယ်ဇလီအပင် တစ်သောင်းကျော်နှင့် ထင်းအဖြစ်အသုံးပြုရန် သစ်တောသစ်ပင် ၂၅၀၀၀ တို့ကို မိုးစတင်ရွာသွန်းသည်နှင့် စိုက်ပျိုးနိုင်ရန် ယခုကဲ့သို့ မြေပြုပြင်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရှိရသည်။ (ဝ၇၂)

လျှပ်စစ်ဓာတ်အား သုံးစွဲမှုသတိပြု

လျှပ်စစ်ဓာတ်အား သုံးစွဲရာတွင် လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ခြင်း (Wire Shock)၊ လျှပ်စစ်ဓာတ်အား မြင့်တက်ခြင်း(Over Loading)၊ ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ အသုံးပြုခြင်း (Use of Defective Tools and Applian)၊ မီးအားထိန်းကိရိယာ (Safe Guard) ချွတ်ယွင်း၍ အလိုအလျောက် (Auto) ပြုတ်မကျခြင်းတို့ကြောင့် မီးလောင်မှုများ စတင်ဖြစ်ပွားနိုင်ပြီး မလိုလားအပ်သော ဆုံးရှုံးမှုများ ဖြစ်ပွားနိုင်သဖြင့် လျှပ်စစ်ဓာတ်အားအသုံးပြုရာတွင် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ၊ မီးကြိုးများ မသုံးစွဲကြရန်၊ စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် လျှပ်စစ်ပစ္စည်းများကိုသာ သုံးစွဲကြရန်၊ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သော နေရာများတွင်သာ တပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သော ပစ္စည်းများမထားရှိစေရေး သတိပေးနှိုးဆော်အပ်ပါသည်။ **(မီးသတ်ဦးစီးဌာန)**

သဘာဝဘေးအန္တရာယ်ကျရောက်နေရာများတွင် မော်တော်ယာဉ်အသုံးပြု၍ ဒေသဆိုင်ရာအချက်အလက်များကို Intime, Ontime ထုတ်လွှင့်နိုင်မည် သတင်းစာများအတွက် သတင်းဓာတ်ပုံနှင့် သတင်းစာသားများ ပေးပို့ခြင်း အထောက်အကူပြု

လွှဲပြောင်းပေးအပ်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အေးချမ်းမေတ္တာရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်မှ ပြန်ကြားရေးဝန်ကြီးဌာနသို့ **Emergency Live Broadcasting** မော်တော်ယာဉ်တစ်စီး လွှဲပြောင်းပေးအပ်လှူဒါန်းသည့်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Beijing Xinwei Telecom Technology Inc ၏ ဌာနေကိုယ်စားလှယ်ကုမ္ပဏီ ဖြစ်သော အေးချမ်းမေတ္တာ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်မှ ပြန်ကြားရေးဝန်ကြီးဌာနသို့ Emergency Live Broadcasting မော်တော်ယာဉ်တစ်စီး လွှဲပြောင်းပေးအပ်လှူဒါန်းသည့်အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အားပေးသည်။

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ Beijing Xinwei Telecom Technology Inc မှ McWiLL နည်းပညာတီထွင်ခဲ့သူ Chief Scientist Dr. Xu Guang Han၊ အေးချမ်းမေတ္တာရောင်းဝယ်ရေးကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် ဦးဇော်ဝင်းနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှုဆောင်အရာရှိချုပ် ဦးဇော်ဝင်းက မော်တော်ယာဉ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် အမိမြန်မာနိုင်ငံ၏ အဓိကကျ၍ အရေးပါလှသည့် သတင်း၊ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးကဏ္ဍများ၌ အသုံးပြုနိုင်ရန် 2010 ITU ရရှိသည့် McWiLL စနစ် Video Carrier ဖြင့် တွဲဖက်၍ ကွင်းဆင်းရိုက်ကူးသည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပြသနိုင်သည့် မော်တော်ယာဉ်နှင့်စက်ပစ္စည်းများအား လက်ဆောင်အဖြစ် ပေးအပ်ခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြေငလျင်လှုပ်ခြင်း၊ လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များနှင့် မီးလောင်ခြင်း၊ ယာဉ်မတော်တဆဖြစ်ခြင်း စသည့် Emergency ကိစ္စရပ်များအား အချိန်နှင့် တစ်ပြေးညီ ထုတ်လွှင့်ပြသနိုင်မည်ဖြစ်သည့်အပြင် တောင်ပေါ်မြေပြန့်၊ ကျေးလက်ဒေသနေ လူတန်းစားများအားလုံးအတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊ တိရစ္ဆာန်ဆေးဝါးကုသထုံးများ၊ စိုက်ပျိုးရေးနှင့် ၎င်းအတွက် အထူးအရေးကြီးသည့် ရာသီဥတု အခြေအနေများ၊ အဝေးမှ ဆေးဝါးကုသခံယူခြင်း၊ ပညာသင်ယူခြင်း၊ သီးနှံပေါက်ဈေးနှင့် အထွေထွေသတင်းအချက်အလက်များကို စုဆောင်းသိရှိနိုင်ခြင်း၊ အချင်းချင်း Internet ကို အသုံးပြု၍ ဆက်သွယ်နိုင်ခြင်းနှင့်ဘဏ်နှင့်ပတ်သက်သည့် ငွေကြေးကိစ္စများကို ဆောင်ရွက်နိုင်ခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ပြီး လုပ်ငန်းများ အောင်မြင်ရန်၊ အဆုံးအရှုံး၊ အပျက်အစီးများကို ကာကွယ်နိုင်ရန်၊ ကျန်းမာရေး၊ ပညာရေးနှင့် ခေတ်မီတိုးတက်ရေးများအတွက် အလွန်တန်ဖိုးရှိသည့် စနစ်သစ်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် Beijing Xinwei Telecom Technology Inc မှ Chief Scientist Dr. Xu Guang Han က McWiLL နည်းပညာဆိုင်ရာများနှင့် Emergency Live Broadcasting မော်တော်ယာဉ်၌ နည်းပညာသုံးစွဲမှုများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ Chief Scientist Dr. Xu Guang Han နှင့် အမှုဆောင်အရာရှိချုပ် ဦးဇော်ဝင်းတို့က Emergency Live Broadcasting မော်တော်ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က လက်ခံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ကျေးဇူးတင်စကားပြောကြားရာတွင် McWiLL နည်းပညာကို တီထွင်ခဲ့သူ၏ တင်ပြချက်များအရ McWiLL နည်းပညာ အတော်ပင်မြင့်မားကျယ်ပြန့်လာသည့် အနေအထားကို တွေ့ရှိရပါကြောင်း၊ မိမိတို့နိုင်ငံ၌ ဝေးလံခေါင်သီလှသည့်နေရာများတွင် ဆက်သွယ်ရေးအခြေခံအဆောက်အအုံများ အလုံအလောက်မရှိသေးသည့်အတွက် ဆက်သွယ်ရေးလုပ်ငန်းများ၌ အခက်အခဲများ ရှိနေကြောင်း၊ သို့ဖြစ်၍ မိမိတို့နိုင်ငံ၏ ဆက်သွယ်ရေးနှင့်ရေဒီယို၊ ရုပ်မြင်သံကြားဆိုင်ရာကိစ္စရပ်များတွင် McWiLL နည်းပညာဖြင့် ပေါင်းစပ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် ဆက်သွယ်ရေးအခြေခံအဆောက်အအုံများ ပျက်စီးသွားသော်လည်း ယင်းဒေသရှိ သတင်းအချက်အလက်များကို သက်ဆိုင်ရာအစိုးရနှင့် တစ်နိုင်ငံလုံးရှိ ပြည်သူများသို့ အခက်အခဲမရှိ ထုတ်လွှင့်ပြသနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် အရေးပေါ်ဆောင်ရွက်ရန်ရှိသည့်ဒေသ၌ ယင်းမော်တော်ယာဉ်နှင့် (၅) မိုင်၊ (၁၀) မိုင်အတွင်းရှိ သတင်းအချက်အလက်များကိုရယူပြီး သက်ဆိုင်ရာဌာနသို့ ပေးပို့နိုင်သည့်အတွက် ပြည်သူများသို့ အချိန်မီတင်ပြဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း။

ယခု မော်တော်ယာဉ်သည် ဆက်သွယ်ရေးလုပ်ငန်းတွင်သာမက ရေဒီယိုနှင့် ရုပ်မြင်သံကြားထုတ်လွှင့်ရေးလုပ်ငန်းများတွင်လည်း ထိရောက်စွာအသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၌ ဝေးလံခေါင်သီသောဒေသများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်သော နေရာများတွင် ယင်းမော်တော်ယာဉ်ကို အသုံးပြု၍ ဒေသဆိုင်ရာ အချက်အလက်များကို Intime, Ontime ထုတ်လွှင့်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် သတင်းစာများအတွက် သတင်းဓာတ်ပုံနှင့် သတင်းစာသားများ ပေးပို့ခြင်းတို့ကိုလည်း အသုံးပြုနိုင်သည့်အတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ယခု မော်တော်ယာဉ်လှူဒါန်းသည့်ကုမ္ပဏီနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ ဆက်လက်ဆွေးနွေးပြီး နည်းပညာများရယူကာ ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုလို မီဒီယာကဏ္ဍအတွက် အကျိုးရှိအောင်လှူဒါန်းသည့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ Beijing Xinwei Telecom Technology Inc (in Corporation)နှင့်၎င်း၏ ဌာနေကိုယ်စားလှယ်ကုမ္ပဏီဖြစ်သည့် အေးချမ်းမေတ္တာရောင်းဝယ်ရေးကုမ္ပဏီလီမိတက်အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွှန့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် Emergency Live Broadcasting မော်တော်ယာဉ်အား ကြည့်ရှုကြရာ တာဝန်ရှိသူများက စက်တပ်ဆင်မှု၊ အသုံးပြုမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသကြသည်။

ယခု ပြန်ကြားရေးဝန်ကြီးဌာနသို့ လှူဒါန်းသည့် Emergency Live Broadcasting မော်တော်ယာဉ်သည် သတင်း၊ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးကဏ္ဍများတွင် အသုံးပြုနိုင်ရန် McWiLL Mobile Broadband Access System နှင့် တွဲဖက်၍ ကွင်းဆင်းရိုက်ကူးသည့် သတင်းအချက်အလက်များကို Mobile Vehicle Unit မှ တစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ပြည်သူတို့ တိုက်ရိုက်ကြည့်ရှုနိုင်ရန် ထုတ်လွှင့်ပြသနိုင်သည့် စက်ဖြစ်ပြီး ယင်းစက်ကို အသုံးပြု၍ ဆက်သွယ်ရေးခက်ခဲသော နေရာဒေသများ၌ အရေးပေါ် သတင်းရိုက်ကူးခြင်း၊ အသံ၊ သတင်းအချက်အလက်များကို အချိန်တိုအတွင်း အလျင်အမြန် ပေးပို့ခြင်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ကြောင်း၊ ၎င်းမော်တော်ယာဉ်၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၆၀၀၀၊ ယင်းနှင့်ဆက်စပ်ပစ္စည်းဖြစ်သည့် Backpack CPE နှစ်စုံနှင့် လက်ကိုင်စကားပြောစက် ၁၀ စုံ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၈၀၀ ဖြစ်၍ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၈၂၈၀၀ ဖြစ်ကြောင်း၊ McWiLL System သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Beijing Xinwei Telecom Technology Inc ၏ မူပိုင်နည်းပညာဖြစ်ပြီး Beyond 3G Mobile System တစ်ခုဖြစ်ကာ Voice and Data Service တို့ကို အသုံးပြုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အေးချမ်းမေတ္တာရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် မှ ပြန်ကြားရေးဝန်ကြီးဌာနသို့လှူဒါန်းသည့် Emergency Live Broadcasting မော်တော်ယာဉ်အား တွေ့ရစဉ်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာနက အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ဇုန်နယ်မြေများသတ်မှတ်ပြဋ္ဌာန်း

အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် ၁၉၉၈ ခုနှစ်တွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ဥပဒေနှင့်အညီ ယဉ်ကျေးမှုအမွေအနှစ်ဒေသ (၃၇)ခုကို သင့်လျော်သော ဇုန်အမျိုးအစားများသတ်မှတ်၍ ကာကွယ်ထိန်းသိမ်းခဲ့ကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်းတွင် အောက်ပါယဉ်ကျေးမှုအမွေအနှစ်ဒေသ (၅)ခုကို ရှေးဟောင်းနေရာတည်ရှိရာဇုန် (Ancient Site Zone)၊ ကာကွယ်ထိန်းသိမ်းထားသောဇုန် (Protected and Preserved Zone) အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့ကြောင်း သိရသည်။

စဉ်	သတ်မှတ်ဒေသ	သတ်မှတ်ဇုန်အမျိုးအစား	အမိန့်ကြော်ငြာစာအမှတ်နှင့် ထုတ်ပြန်သည့်ရက်စွဲ
၁	ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊မြောင်းမြမြို့ဟောင်း	ရှေးဟောင်းနေရာတည်ရှိရာဇုန်(AZ)၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်(PZ)	၁/၂၀၁၂ (၂-၂-၂၀၁၂)
၂	တနင်္သာရီတိုင်းဒေသကြီး၊လောင်းလုံမြို့နယ်၊မြို့ဟောင်းကျေးရွာအုပ်စု၊ သာဂရမြို့ဟောင်း	ရှေးဟောင်းနေရာတည်ရှိရာဇုန်(AZ)၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်(PZ)	၂/၂၀၁၂ (၂-၂-၂၀၁၂)
၃	ရခိုင်ပြည်နယ်၊မြောက်ဦးမြို့နယ် ဝေသာလီကျေးရွာနှင့် သလ္လာဝတီကျေးရွာ၊ဝေသာလီမြို့ဟောင်း	ရှေးဟောင်းနေရာတည်ရှိရာဇုန် (AZ)၊ ကာကွယ်ထိန်းသိမ်းထားသောဇုန် (PZ)	၃/၂၀၁၂ (၉-၃-၂၀၁၂)
၄	ရခိုင်ပြည်နယ်၊ကျောက်တော်မြို့နယ်၊ မဟာမုနိကျေးရွာ၊ဓညဝတီမြို့ဟောင်း	ရှေးဟောင်းနေရာတည်ရှိရာဇုန်(AZ)၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်(PZ)	၄/၂၀၁၂ (၉-၃-၂၀၁၂)
၅	စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်အတွင်းရှိ၊ အမြင့်ရွာဒေသနှင့် သုံးပန်လှ(အနိမ့်)ရွာဒေသ	ကာကွယ်ထိန်းသိမ်းထားသောဇုန် (PZ)	၅/၂၀၁၂ (၂-၄-၂၀၁၂)

သတ်မှတ်ပြဋ္ဌာန်းထားသော ဇုန်များအတွင်း အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်ပျက်စီးစေမည့် ဆောင်ရွက်မှုများဖြစ်သည့် လူနေအိမ်ခြေအပါအဝင် အဆောက်အအုံသစ်များဆောက်လုပ်ခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ ဆည်မြောင်းကန်များတူးဖော်ခြင်း၊ ဓာတ်တိုင်များစိုက်ထူခြင်း၊ တာဝါတိုင်များစိုက်ခြင်း၊ လယ်မြေများချဲ့ထွင်၍ ထွန်ယက်စိုက်ပျိုးခြင်း၊ ဥယျာဉ်ခြံမြေများစိုက်ပျိုးခြင်း၊ ခြံစည်းရိုးများကာရံခြင်း၊ စက်ရုံအလုပ်ရုံများ၊ ဟိုတယ်များတည်ဆောက်ခြင်း၊ မြို့ရွာများတိုးချဲ့ခြင်း၊ မြေကွက်များ ဖော်ထုတ်နေရာချခြင်း၊ ဓာတ်သတ္တုပစ္စည်းများတူးဖော်ခြင်းစသည့် ရှေးဟောင်းနေရာ၊ ဒေသ၏အသွင်အပြင်ပျက်စီးစေမည့် ဆောင်ရွက်မှုမျိုးမပြုလုပ်ရန် ၁၉၉၈ ခုနှစ် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ (၉/၉၈)၊ အခန်း(၇)၊ ဥပဒေပုဒ်မ(၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃)အရ တားမြစ်ကန့်သတ်ထားကြောင်း၊ အဆိုပါဒေသများအတွင်း နေထိုင်သော ဒေသခံများ၊ ဌာနဆိုင်ရာများအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း အထက်ပါကိစ္စတစ်ခုခုကို ပြုလုပ်လိုပါက ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသို့ ကြိုတင်တင်ပြညှိနှိုင်း၍ ခွင့်ပြုချက်အရသာ ဆောင်ရွက်ရမည်ဖြစ်ပြီး ခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်ပါက တရားဥပဒေနှင့်အညီ အရေးယူခံရမည်ဟု ယဉ်ကျေးမှုဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးဆက်လက်ရွာနိုင်

နေပြည်တော် မေ ၉

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မေလ၏ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ကလေးဝမြို့နှင့် ချောက်မြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီ၊ ကလေးမြို့၊ မုံရွာမြို့နှင့် ညောင်ဦးမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဘီးလင်းမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ လောင်းလုံမြို့တွင် ၁ ဒသမ ၁၈ လက်မ၊ သီပေါမြို့တွင် ၀ ဒသမ ၉၈ လက်မနှင့် တောင်ကုတ်မြို့တွင် ၀ ဒသမ ၅၅ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

ဗီယက်နမ်ရင်ချင်းဆက်အမြွှာညီအစ်မ ဆရာဝန်များက ခွဲစိတ်ကုသမည်

ရင်ချင်းဆက်အမြွှာ မိန်းကလေးရင်သွေးငယ်နှစ်ဦးအား မခွဲစိတ်မီ ဆေးရုံ၌ တွေ့ရစဉ်။

ဟန်နွိုင်း မေ ၉

ဗီယက်နမ်နိုင်ငံတွင် ပြီးခဲ့သည့် မေ ၆ ရက်က မွေးဖွားခဲ့သော ရင်ချင်းဆက်အမြွှာ မိန်းကလေးရင်သွေးငယ်နှစ်ဦးအား ခွဲစိတ်ကုသပေးရန် ဆရာဝန်များက စီစဉ်လျက်ရှိကြောင်း မေ ၉ ရက်က အင်တာနက်သတင်း၌ဖော်ပြသည်။

ယုံကြည်

အဆိုပါရင်ချင်းဆက်အမြွှာသည် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းရှိ ဆေးရုံတစ်ရုံ၌ မွေးဖွားခဲ့ခြင်းဖြစ်ပြီး တစ်ဦးချင်းစီ ခွဲစိတ်ကုသမှုပေးရန်စီစဉ်နေခြင်းဖြစ်သည်။ ဆရာဝန်များက ၎င်းရင်ချင်းဆက်အမြွှာအား ခွဲစိတ်ကုသပေးလျှင် အသက်ရှင်ရမည်ဟု ယုံကြည်လျက်ရှိသည်။

ထိဆက်လျက်

ခန္ဓာကိုယ်အလေးချိန် ၄ ကီလိုဂရမ်ရှိသော ၎င်းရင်ချင်းဆက်အမြွှာသည် ရင်ဘတ်နှင့် ဝမ်းဗိုက်ပိုင်းတို့တွင် ထိဆက်လျက်ရှိပြီး ကျောက်ကပ်သီးခြားစီပါရှိသည်။

လိင်အင်္ဂါသီးခြားစီ ပါရှိသော်လည်း ကျင်ကြီးစွန့်ရန်စအိုပေါက်များ မပါရှိကြောင်း သိရသည်။ အဆိုပါ ရင်ချင်းဆက်အမြွှာတွင် ခြေနှင့်လက်များ ပုံမှန်အတိုင်း သီးခြားစီပါရှိပြီး လောလောဆယ်၌ ကျန်းမာသန်စွမ်းလျက်ရှိကြသည်။ ၎င်းတို့၏ မိခင်မှာ အသက် ၂၁ နှစ်အရွယ်ရှိပြီး ပထမဆုံးသားသမီး မွေးဖွားခြင်းဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာ့မြေလေ့လာရေးဂြိုဟ်တု တောင်ကိုရီးယားလွှတ်တင်မည်

ဆိုးလ် မေ ၉

*တောင်ကိုရီးယားနိုင်ငံက ကမ္ဘာမြေလေ့လာရေးဂြိုဟ်တုတစ်လုံးကို လာမည့် မေ ၁၈ ရက်၌ လွှတ်တင်ရန် စီစဉ်ထားကြောင်း တောင်ကိုရီးယားအရာရှိများက မေ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ယာပုံ)***

ကွန်ဆက်-၃ ဟု အမည်ပေးထားသည့် ၎င်းဂြိုဟ်တုကို ဂျပန်နိုင်ငံ ကျူရှူးကျွန်းတောင်ဘက် ၁၁၅ ကီလိုမီတာခန့်အကွာ တာနေဂါရှီးမားကျွန်းတောင်ပိုင်းရှိ ဂျပန်အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ လွှတ်တင်ရန် စီစဉ်ထားသည်။

သယ်ဆောင်သွား

အဆိုပါဂြိုဟ်တုကို ဂျပန်ဒုံးပျံတစ်စင်းက သယ်ဆောင်သွားမည်ဖြစ်ပြီး မေ ၁၈ ရက် နံနက် ၁ နာရီ ၃၉ မိနစ်၌ လွှတ်တင်ရန်စီစဉ်ထားသည်။ ၎င်းဂြိုဟ်တုတွင် အထူးကင်မရာတစ်လုံးလည်း တပ်ဆင်သယ်ဆောင်သွားမည်ဖြစ်သည်။

*ယင်းဂြိုဟ်တုကို အောင်မြင်စွာလွှတ်တင်နိုင်ပါက တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာမြေ ဂြိုဟ်တုဓာတ်ပုံကို ရယူနိုင်သည့် ကမ္ဘာ့စတုတ္ထမြောက်နိုင်ငံ ဖြစ်လာမည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)***

ကမ္ဘာ့အကြီးဆုံးဆိုလာစွမ်းအင်စခန်း ဆားဘီးယား၌တည်ဆောက်နေ



ဘဲလ်ဂရိတ် မေ ၉

ကမ္ဘာပေါ်တွင် အကြီးဆုံးဆိုလာစွမ်းအင်ထုတ်ယူနိုင်သည့် စခန်းကြီးတစ်ခုကို ဆားဘီးယားနိုင်ငံ၌ တည်ဆောက်လျက်ရှိကြောင်း ဆားဘီးယားအစိုးရက မေ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။ (ဓာတ်ပုံ)

ထုတ်ယူရရှိ

ယင်းဆိုလာစွမ်းအင်စခန်းကြီးသည် မြေအကျယ်အဝန်း ဟက်တာ ၃၀၀၀ ခန့်ရှိပြီး ဆိုလာပြားအများအပြားတပ်ဆင်ထားကာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၀၀၀ အထိ ထုတ်ယူရရှိနိုင်မည်ဖြစ်သည်။

အဆိုပါဆိုလာစွမ်းအင်စခန်းကြီး တည်ဆောက်မှုအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံ အကုန်အကျခံကာ တည်ဆောက်နေခြင်းဖြစ်သည်။ ၎င်းဆိုလာစွမ်းအင်စခန်းကြီးကို အလုပ်သမား ၃၀၀၀ ဖြင့် တည်ဆောက်နေပြီး တည်ဆောက်ပြီးစီးရန် အချိန်ငါးနှစ်ခန့် ကြာမြင့်မည်ဖြစ်သည်။ ယခုတည်ဆောက်လျက်ရှိသော ကမ္ဘာ့အကြီးဆုံးဆိုလာစွမ်းအင်စခန်းကြီးကို ဥရောပမှ လူဇင်ဘတ်အခြေစိုက် ဆီကျူရမ်အီကွီတီကုမ္ပဏီနှင့် ဆားဘီးယားနိုင်ငံတို့ ပူးပေါင်းတည်ဆောက်နေခြင်းဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ (၉-၅-၂၀၁၂)

တင်မောင်လွင် – စုစည်းသည်

အသက်အကြီးဆုံးမာရသွန်အားကစားသမား ဖော်ဂျာဆင်း

အသက်အကြီးဆုံးအားကစားသမားတစ်ဦးဖြစ်သည့် ဖော်ဂျာဆင်းကို ၁၉၁၁ခုနှစ် ဧပြီ ၁ ရက်က အိန္ဒိယနိုင်ငံ၌ မွေးဖွားခဲ့ပြီး ယခုသူ၏အသက်မှာ ၁၀၁ နှစ်အရွယ်ရှိပြီဖြစ်သော်လည်း ကိုယ်လက်ကြံ့ခိုင်မှုနှင့် ကျန်းမာရေးအခြေအနေကောင်းမွန်မှုတို့ကြောင့် အသက်အကြီးဆုံးမာရသွန်အပြေးပြိုင်ပွဲများတွင် ဝင်ရောက်ပါဝင်ဆင်နွှဲနေဆဲပင်ဖြစ်သည်။

အိန္ဒိယနိုင်ငံသား ဖော်ဂျာဆင်း (ဓာတ်ပုံ) သည် ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်နှောင်းပိုင်းဖြစ်သည့် အောက်တိုဘာလက ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ကျင်းပသည့် အသက်အကြီးဆုံး မာရသွန်အပြေးပြိုင်ပွဲ၌ ပါဝင်ခဲ့သည့်အချိန်တွင် အသက်အကြီးဆုံး အားကစားသမားတစ်ဦးအနေဖြင့် စာရင်းတွင် ဖော်ပြခံခဲ့ရသည်။ အသက်အရွယ်အားဖြင့် ရာစုနှစ်တစ်ခုကို ကျော်လွန်ခဲ့ပြီဖြစ်သည့် ဖော်ဂျာဆင်းသည် ၎င်း၏အသက် ၈၉ နှစ်အရွယ်ကတည်းကပင် မာရသွန်ပြိုင်ပွဲကို ပါဝင်ဆင်နွှဲခဲ့သည်မှာ ယခုအချိန် အထိပင်ဖြစ်သည်။ ၎င်းဆင်နွှဲခဲ့သည့် မာရသွန်ပြိုင်ပွဲအချို့မှာ ကနေဒါနိုင်ငံ တိုရွန်တိုတွင် တစ်ကြိမ်၊ လန်ဒန်တွင် ငါးကြိမ်နှင့် အမေရိကန်နိုင်ငံ နယူးယောက်တွင်တစ်ကြိမ်တို့ဖြစ်ခဲ့ပြီး ယခုနောက်ထပ်တစ်ဖန် အင်္ဂလန်နိုင်ငံ အီဒင်ဘတ်မြို့၌ လာမည့် မေ ၂၉ ရက်တွင် ကျင်းပမည့် မာရသွန်ပြိုင်ပွဲတွင်လည်း ပါဝင်ဆင်နွှဲဦးမည်ဖြစ်သည်။ ဖော်ဂျာဆင်းသည် ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ ကျင်းပသည့် မာရသွန်ပြိုင်ပွဲတွင် ဗိုလ်မစွဲခဲ့သော်လည်း ၎င်းကို အသက် အကြီးဆုံး အားကစားသမားအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။

ပါကစ္စတန်မြောက်ပိုင်း၌ စာသင်ကျောင်းတစ်ကျောင်း အမိုးပြိုကျ

ပါကစ္စတန်နိုင်ငံမြောက်ပိုင်းရှိ ပုဂ္ဂလိကပိုင်စာသင်ကျောင်းတစ်ကျောင်း မေ ၈ ရက်က အမိုးပြိုကျမှုကြောင့် ကလေးခုနစ်ဦးသေဆုံးခဲ့ပြီး အခြားကလေးငယ်တစ်ဒါဇင်ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။ အဆိုပါဖြစ်ရပ်သည် ပန်ဂျပ်ပြည်နယ် နာရိုဝဲလ်ခရိုင် အရှေ့မြောက်ပိုင်းမြို့တစ်မြို့ဖြစ်သည့် ရှာကာဂတ်မြို့ရှိ ပုဂ္ဂလိကပိုင်စာသင်ကျောင်းတစ်ကျောင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ စာသင်ကျောင်းရှိအမိုးများသည် ဆွေးမြည့်ပြီး ခိုင်မာတောင့်တင်းမှုမရှိခြင်းကြောင့် ပြိုကျခဲ့ခြင်းဖြစ်ကြောင်း၊ အမိုးပြိုကျချိန်တွင် စာသင်ခန်းအတွင်း၌ ကလေး ၄၀ ခန့်ရှိနေကြောင်း အရာရှိတစ်ဦးက ပြောကြားသည်။ နောက်ပိုင်းမှသာ ကယ်ဆယ်ရေးများဆောင်ရွက်နိုင်ခဲ့ပြီး သေဆုံးသူများ ထပ်တိုးလာနိုင်ကြောင်း ၎င်းက ပြောကြားသည်။ (အင်တာနက်)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ဓားစာခံလွှတ်ပေးရေးကိစ္စအတွက် အမေရိကန်က အယ်လ်ခိုင်ဒါနှင့် စေ့စပ်မည်မဟုတ်ဟုဆို

ဝါရှင်တန် မေ ၉

အကြမ်းဖက်သမားများက ဓားစာခံအဖြစ် ဖမ်းဆီးထားသူ အမေရိကန်နိုင်ငံသားတစ်ဦး လွတ်မြောက်ရေးအတွက် အမေရိကန်အစိုးရအနေဖြင့် မည်သည့်အခါမျှ အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့နှင့် စေ့စပ်ဆွေးနွေး အပေးအယူလုပ်မည် မဟုတ်ကြောင်း အမေရိကန်သမ္မတအိမ်ဖြူတော်က မေ ၈ ရက်တွင် ကြေညာသည်။

ဓားစာခံ မစ္စတာဝိန်စတိန်လွတ်မြောက်ရေးအတွက် အမေရိကန်အစိုးရက ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သို့သော် အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့နှင့် စေ့စပ်ဆွေးနွေး အပေးအယူလုပ်မည်မဟုတ်ကြောင်း အမေရိကန်သမ္မတ အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဂျေကာနီက ပြောကြားသည်။ သမ္မတအိုဘားမားအစိုးရက ပြန်ပေးဆွဲမှုကို လုံးဝပြစ်တင်ရှုတ်ချကြောင်း၊ အမေရိကန်နိုင်ငံသည် ဖွံ့ဖြိုးရေးအဖွဲ့လုပ်သား ဝါရင့်ဝိန်စတိန် (၇၀ နှစ်)ကို ချက်ချင်းလွှတ်ပေးရန် တောင်းဆိုကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **(အင်တာနက်)**

နေတိုးလေကြောင်းတိုက်ခိုက်မှု အာဖဂန်အရပ်သား ၁၄ ဦးသေဆုံး

ကဘူးလ် မေ ၉

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်၏ အနောက်မြောက်ဘက် ၅၅၅ ကီလိုမီတာအကွာ ဘက်ဂစ်ပြည်နယ်ရှိ တာလီဘန်များခိုအောင်းသည့်နေရာအဖြစ် ယူဆသည့်နေရာများကို မေ ၈ရက် နံနက် စောစောတွင် နေတိုးလေယာဉ်များက တိုက်ခိုက်သဖြင့် အရပ်သား ၁၄ ဦးသေဆုံးခဲ့ကြောင်း ဒေသခံတာဝန်ရှိသူများက ပြောကြားသည်။ **(အပေါ်ပုံ)**

ဘက်ဂစ်ပြည်နယ် ဘာလာမာဂတ်ခရိုင်မှ တာလီဘန်တို့ ခိုအောင်းနေသည့်နေရာဟုယူဆပြီး နေတိုးလေယာဉ်များ မေ ၈ ရက်နံနက်စောစောပိုင်းက တိုက်ခိုက်မှုကြောင့် အမျိုးသမီးများ၊ ကလေးငယ်များ အပါအဝင် အရပ်သား ၁၄ ဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာရသွားကြောင်း ပြည်နယ်အစိုးရပြောရေးဆိုခွင့်ရှိသူရှာရစ်မဂျဒီက ပြောကြားသည်။ အရပ်သား ၁၄ ဦးသေဆုံးစေသည့် နေတိုးလေကြောင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။ **(အင်တာနက်)**

ယီမင်နိုင်ငံ အေဒင်ဆိပ်ကမ်းတိုးချဲ့ရေး သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန စတင်ကြိုးပမ်း

ဆာနာ မေ ၉

ယူအေအီးနိုင်ငံမှ ဒီပီဝါးကုမ္ပဏီနှင့် သဘောတူထားသည့်ကြားမှပင် ယီမင်နိုင်ငံ အေဒင်ဆိပ်ကမ်း (ဓာတ်ပုံ) မှာ လွန်ခဲ့သည့် နှစ်များအတွင်း ပိုမိုဆိုးရွားလာသဖြင့် ဆိပ်ကမ်းတိုးချဲ့ရန် စီစဉ်နေပြီဖြစ်ကြောင်း ယီမင်သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန အရာရှိတစ်ဦးက မေ ၇ ရက်တွင်ပြောကြားလိုက်သည်။

စတင်ဆောင်ရွက်

အေဒင်ဆိပ်ကမ်းတိုးချဲ့ရေးအတွက် ဒီပီဝါးကုမ္ပဏီနှင့် ၂၀၀၈ ခုနှစ်တွင်လက်မှတ်ရေးထိုးထားသည့်စာချုပ်ကို ပြန်လည်စဉ်းစားရန် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက လက်တွေ့စတင်ဆောင်ရွက်နေပြီဟု သိရသည်။

ဖော်ပြပါရှိ

အေဒင်ဆိပ်ကမ်းတိုးချဲ့ရေးအပါအဝင် ယီမင်နိုင်ငံအတွင်း တောင်ကိုရီးယားဟွန်ဒိုင်းကုမ္ပဏီနှင့်ရင်းနှီးမြှုပ်နှံမည့် အလားအလာများကို ယီမင်သယ်ယူပို့ဆောင်ရေးဝန်ကြီး ဝါအစ်ဘာဆစ်က ဧပြီလကုန်ပိုင်းတွင်ဆွေးနွေးခဲ့ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု

ရုရှားဝန်ကြီးချုပ်နှင့် သမ္မတ ရာထူးချင်းဖလှယ်ကာ တာဝန်ယူလိုက်ကြပြီ

တိုး - ရေးသားသည်

ဆိုဗီယက်ပြည်ထောင်စုကြီး ၁၉၉၁ ခုနှစ်တွင် ပြိုကွဲပြီးနောက် ရုရှားနိုင်ငံ၏ထင်ရှားသော နိုင်ငံရေးခေါင်းဆောင် ဗလာဒီမာပူတင်သည် ၂၀၁၂ ခုနှစ် မေ ၇ ရက် (တနင်္လာနေ့)က ရုရှားနိုင်ငံ၏ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုလိုက်သည်။ ဤတစ်ကြိမ် ရာထူးလက်ခံခြင်းမှာ သူ့အဖို့ တတိယအကြိမ်မြောက် သမ္မတရာထူး လက်ခံလိုက်ခြင်းဖြစ်သည်။

ပထမအကြိမ်နှင့် ဒုတိယအကြိမ်တို့က ဆက်တိုက်ရယူထမ်းဆောင်ခဲ့ပြီး ကြားထဲတွင် လေးနှစ်ကြာပြီးမှ ယခုအခါသမ္မတရာထူးကို ထပ်မံရရှိခြင်းဖြစ်၏။

ထိုလေးနှစ်မှာ မစ္စတာပူတင်အနေဖြင့် ရုရှားဖွဲ့စည်းပုံအခြေခံဥပဒေက သမ္မတရာထူးကို ဆက်တိုက်နှစ်ကြိမ်ထက်ပို၍ မထမ်းဆောင်ရဟူ၍ ပြဋ္ဌာန်းထားခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် သမ္မတရာထူးကို ဒီဗီထရာမက်ဗီဒက်အားတင်မြှောက်ပြီး သူကိုယ်တိုင်ကမူ ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်။

မစ္စတာပူတင်သည် မော်စကိုမြို့ ကရင်မလင်နန်းတော် စိန့်အင်ဒရူးခန်းမ၌ မေ ၇ရက်က ညှိ့ပရိသတ် ၂၀၀၀ ရှေ့တွင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ တစ်နည်းအားဖြင့် ရုရှားသမ္မတရာထူးကို မစ္စတာ မက်ဗီဒက်ထံမှ မစ္စတာပူတင် လွှဲယူလိုက်ခြင်းဖြစ်သည်။

မစ္စတာပူတင်သည် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၈ ခုနှစ်အထိ သမ္မတသက်တမ်း နှစ်ကြိမ်ဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ယခုအခါ ရုရှားသမ္မတသက်တမ်းမှာ ခြောက်နှစ်အထိ တိုးမြှင့်ထားသဖြင့် အသက် ၅၉ နှစ်ရှိပြီဖြစ်သူ မစ္စတာပူတင်အဖို့ ၂၀၁၈ခုနှစ်အထိတာဝန်ယူရမည်ဖြစ်သည်။

မစ္စတာပူတင် ၂၀၁၂ ခုနှစ် မတ် ၄ ရက် သမ္မတရွေးကောက်ပွဲ မတိုင်မီကပင် ရုရှားဝန်ကြီးချုပ်ရာထူးအတွက် ထိုစဉ်က သမ္မတဖြစ်သူ မစ္စတာ မက်ဗီဒက်အား အမည်စာရင်းသွင်းခဲ့သည်။

ယခုအခါရုရှားသမ္မတဟောင်း မစ္စတာ မက်ဗီဒက်အား ရုရှားနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ဒူးမားခေါ်အောက်လွှတ်တော်က ၂၀၁၂ ခုနှစ် မေလ ၈ ရက်(အင်္ဂါနေ့)တွင် အတည်ပြုပေးလိုက်သည်။

မစ္စတာမက်ဗီဒက်အား ရုရှားဝန်ကြီးချုပ်သစ်အဖြစ် အောက်လွှတ်တော်က အတည်ပြုရေးတွင် ထိုနေ့က ထောက်ခံမဲ ၂၉၉မဲ၊ ကန့်ကွက်မဲ ၁၄၄မဲဖြင့် မစ္စတာ မက်ဗီဒက် ရုရှားဝန်ကြီးချုပ်သစ်ဖြစ်လာရခြင်းဖြစ်သည်။ ထောက်ခံမဲပေးသည့်အမတ်များမှာ အာဏာရညီညွတ်

> **“စစ်အေးတိုက်ပွဲ ကာလက အမွေခံပစ္စည်းဖြစ်သည့် မဟာဗျူဟာမြောက် လက်နက်လျှော့ပေါ့ရေးကိစ္စကို ဖြစ်မြောက်အောင်မြင်အောင် စေ့စပ်ဆွေးနွေး”**

သောရုရှားပါတီနှင့် ရုရှားလစ်ဘရယ်ဒီမိုကရက်တစ်ပါတီဝင် အမတ်များဖြစ်ကြသည်။

ကန့်ကွက်မဲပေးသူများမှာ ရုရှားဖက်ဒရေးရှင်းကွန်မြူနစ်ပါတီ အမတ်များနှင့် ဆိုရှယ်ဒီမိုကရက်တစ်အေဂျတ်ရုရှားပါတီအမတ်များ ဖြစ်ကြသည်။

လူစုခွဲရသေး

ယခုအခါရုရှားနိုင်ငံ၌ ဝန်ကြီးချုပ်နှင့်သမ္မတတို့ နေရာလဲကာ နိုင်ငံ့တာဝန်ကို ခွဲဝေထမ်းဆောင်ရေး အစီအစဉ်မှာ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်သည်။ သို့သော် ဝန်ကြီးချုပ်သစ် တာဝန်ပေးရေး အဆိုအပေါ် လွှတ်တော်နှင့် မဲခွဲအတည်မပြုမီကလေးတွင် ကရင်မလင်နန်းတော်အနီး၌ ဆန္ဒပြသူများကို ရဲက လူစုခွဲရသေးသည်။

အလားတူပင် မစ္စတာပူတင် သမ္မတရာထူးပြန်ယူခြင်းကို မကျေနပ်သဖြင့် မော်စကိုမြို့တော်၌ အတိုက်အခံများက မေ ၆ ရက်တွင် ကန့်ကွက်ဆန္ဒပြကြသည်။

ရုရှားသမ္မတသစ် ဗလာဒီမာပူတင်သည် လာမည့် ၁၀ ရက်ခန့်၌ အမေရိကန်သမ္မတ အိုဘားမား၏ အပန်းဖြေရာ ဒေးဗစ်စခန်းတွင်ပြုလုပ်မည့် စက်မှုထိပ်သီးရှစ်နိုင်ငံ (ဂျီ-၈) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်သည်။

ကျမ်းသစ္စာကျိန်ဆိုပြီး စိန့်အင်ဒရူးခန်းမမှထွက်လာကြသည့် ရုရှားသမ္မတ ပူတင်နှင့် ဝန်ကြီးချုပ် မက်ဗီဒက်။

ထိုအခါတွင် စစ်အေးတိုက်ပွဲကာလက အမွေခံပစ္စည်းဖြစ်သည့် မဟာဗျူဟာမြောက် လက်နက် လျှော့ပေါ့ရေးကိစ္စကို ဖြစ်မြောက်အောင်မြင်အောင် စေ့စပ်ဆွေးနွေးမည်ဟုခန့်မှန်းရသည်။ (ဂျီ-၈) ထိပ်သီးအစည်းအဝေးက အာဖရိကစားနပ်ရိက္ခာဖူလုံရေးကိုလည်း ဆွေးနွေးဖြေရှင်းမည့် အစီအစဉ်ရှိသည်။

စောင့်ကြည့်ရမည်

သို့သော် ဥရောပ၌ နေတိုးဒုံးပျံကာကွယ်ရေးစနစ် ချထားမည့် အနောက်အုပ်စု၏ အစီအစဉ်ကို ရုရှားက မိမိလုံခြုံရေးကိုပါ ခြိမ်းခြောက်သည်ဟု သဘောထားလျက်ရှိရာ ဖြေရှင်းရန်ခက်ခဲမည့်ကိစ္စတစ်ခုဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေပြောင်းလဲနေသည့် ပြည်တွင်းပြည်ပ အခြေအနေတွင် မစ္စတာပူတင် မည်သို့ဆောင်ရွက်မည်ကို စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

ကမ္ဘာလှည့်ခရီးသည်များအတွက် ခရီးစဉ်သစ်များဖွင့်ပြီ

သတင်းနှင့်ဓာတ်ပုံ တင်ဝင်းလေး(ကြည့်မြင်တိုင်)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသော ကမ္ဘာလှည့်ခရီးသည်များအတွက် နိုင်ငံအတွင်း၌ ခရီးစဉ်သစ်များကို ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ ကြားသိရသည်။

ယခင်က ရန်ကုန်မြို့၊ ပုဂံ၊ ညောင်ဦး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ စသည့်မြို့များသို့သာ သွားရောက်လေ့လာလည်ပတ်ခွင့်ပြုခဲ့ရာမှ ယခုအခါခရီးသွားကုမ္ပဏီများက နယ်မြေသစ်ဖြစ်သော ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း

ချင်းတိုင်းရင်းသူများ ရိုးရာဝတ်စုံဖြင့် လက်ဖက်ခူးကြစဉ်။

ဒေသကြီးအတွင်းရှိ ကန့်သတ်နယ်မြေများအတွင်းသို့ သွားရောက်ခွင့်ပြုရန် တောင်းဆိုမှုများရှိကြောင်း သိရသည်။

ထိုအထဲမှ ခရီးသွားကုမ္ပဏီအများစုက တင်ပြလာမှုတွင် ချင်းပြည်နယ်၊ နတ်မတောင်ဒေသ အမျိုးသားဥယျာဉ်၊ ရိဒ်ရေကန်၊ ဘုံတလာရေတံခွန်၊ ဆက်စပ်၍ တီးတိန်၊ တွန်းဇံ၊ မတူပီ၊ ပလက်ဝမြို့များသို့ သွားရောက်ခွင့်အများဆုံး တောင်းဆိုကြသည်ဟု သိရသည်။

ထို့နောက် ကယားပြည်နယ်အတွင်းရှိ ဖရူးဆိုး၊ ဒီမောဆိုးမြို့နယ်များအတွင်းရှိ ဒွေးမယ်နော်ကန်၊ ထီးပွင့်ကန်နှင့် ပဒေါင်ရွာများသို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တနိုင်း၊ နန်းယွန်း၊ နမ္မတီး၊ လီဒိုလမ်းမကြီးတစ်လျှောက် သွားရောက်လည်ပတ်ခွင့်များတောင်းခံကြကြောင်း သိရသည်။

ထိုကန့်သတ်ခရီးစဉ်သစ်များသို့ သွားရောက်ရန်အတွက် ခရီးသွားလာရေးကုမ္ပဏီ ၅၀ က ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသို့ ကြိုတင်ခွင့်ပြုချက်ရယူရမည်ဖြစ်ပြီး ဌာနမှလည်း သွားလာခွင့်ကို အမြန်ဆုံးရရှိရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ***(မြန်မာ့အလင်း)***

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရမည်းသင်းခရိုင်အဆင့် ရဲတပ်ဖွဲ့ဝင်များ ရဲကျင့်ဝတ်နှင့် စံပြရဲရေးဖြေစာမေးပွဲကို မေ ၅ ရက်က ရမည်းသင်းမြို့ အခြေခံပညာမူလတန်းကျောင်း၌ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်တေဇ၊ ခရိုင်ရဲဦးစီး ဒုတိယရဲမှူး ယုလွင်နှင့် မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စိုးမြင့်ဝင်းတို့က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၀၁၁)

ဝမ်းတွင်း-ပင်းတလဲလမ်း ကျောက်လမ်းအဖြစ် ခင်းကျင်း ရွာပေါင်း ၆၁ ရွာ သွားလာရေးပိုမိုအဆင်ပြေမည်

ဝမ်းတွင်း မေ ၉

ဝမ်းတွင်း-ပင်းတလဲလမ်းကို ၁၉၅၈ ခုနှစ် ဖဆပလခေတ်က ကျေးလက်လမ်းအဖြစ် ဖောက်လုပ်ခဲ့သည်။ လမ်းအရှည်မှာ ၁၄ မိုင် ၃ ဖာလုံရှိရာ နှစ်ပေါင်း ၄၀ ကြာသည်အထိ ပြုပြင်သူမရှိ၍ ပျက်စီးပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲခဲ့သည်။ ထိုပျက်စီးနေသော ဝမ်းတွင်း-ပင်းတလဲလမ်းအား ၁၉၉၃ ခုနှစ်က ပြည်သူလူထုလုပ်အားဖြင့် ၄ မိုင် ၇ ဖာလုံအထိ ပြုပြင်ခဲ့သည်။

ထို့နောက် ဝမ်းတွင်း-ပင်းတလဲလမ်းအား အဓိကထား၍ ၁၉၉၆ ခုနှစ်ကစ၍ ကျောက်လမ်းအဖြစ် စတင်ခင်းကျင်းပြုပြင်ခဲ့သည်။ ဝမ်းတွင်း-ပင်းတလဲလမ်းပြုပြင်ခင်းကျင်းရာတွင် ပျက်စီးနေသော သင်ပုန်းချောင်းရေကျော်၊ ဖုန်းကုန်းရေကျော်နှင့် ဖွတ်ရိုးရေကျော်သုံးခုကို ပြုပြင်တည်ဆောက်ခဲ့ရသည်။ ဝမ်းတွင်း-ပင်းတလဲလမ်းရှိ ကွန်ကရစ်တံတားကြီးနှစ်စင်းနှင့် တံတားငယ် ၁၂ စင်း၊ အုတ်စီသစ်သားတံတားလေးစင်းကိုလည်း ပြုပြင်ဆောင်ရွက်ခဲ့သည်။

ဝမ်းတွင်း-ပင်းတလဲလမ်းအား ကျောက်လမ်းအဖြစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ယခု ၂၀၁၂ ခုအထိ ပြုပြင်ဖောက်လုပ်ခဲ့ရာ ၇ မိုင် ၆ ဖာလုံအထိ ခင်းပြီးဖြစ်၏။ လမ်းတစ်လျှောက်ရှိ ထနောင်းကုန်း၊ နတ်ကုန်း၊ တိုင်သာ၊ သုံးထောင့်တိုင်၊ ကန်အောက်နှင့် ပင်းတလဲရွာတို့မှာ ဒေသထွက်ကုန်သီးနှံများ အလွယ်တကူ ဝယ်ယူရောင်းချနိုင်ပြီး လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာသဖြင့် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးများလည်း ဖွံ့ဖြိုးတိုးတက်လာသည်။ ဝမ်းတွင်း-ပင်းတလဲ ကျောက်လမ်းအဖြစ် ခင်းထားသည့်အတွက် လမ်းတစ်လျှောက်ရှိ ကျေးရွာ ၆၁ ရွာမှ ဒေသခံပြည်သူများ သွားလာရေးလွယ်ကူချောမွေ့သွားပြီ ဖြစ်သည်။ **(အပေါ်ပုံ)**ဝမ်းတွင်း-ပင်းတလဲကျောက်လမ်းခင်းရန် ကျန်ရှိနေသည့် ၂ မိုင် ၄ ဖာလုံကိုလည်း ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးတွင် အပြီးခင်းကျင်းသွားမည်ဟု သိရှိရသည်။ (၀၁၂)

၂၀၁၁ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက် စာအုပ်ဆု ထုတ်ပြန်ကြေညာ

ရန်ကုန် မေ ၉

ပခုက္ကူမြို့၌ ဖွင့်လှစ်ထားသော ပခုက္ကူဦးအုံးဖေစာကြည့်တိုက်သို့ ၂၀၁၁ ခုနှစ်အတွင်း ရောက်ရှိခဲ့သော နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် ထုတ်ဝေခဲ့သည့်စာအုပ်များအနက် စာကြည့်တိုက်ကော်မတီ၏ အဆုံးအဖြတ်ဖြင့် စာဖတ်သူများ သတိမူ ဖတ်ရှုနိုင်ရန် ဂုဏ်ပြုသောအားဖြင့် ပခုက္ကူဦးအုံးဖေစာကြည့်တိုက် စာအုပ်ဆုများကို ၂၀၁၁ ခုနှစ်အတွက်မှစ၍ တီထွင်ချီးမြှင့်လျက်ရှိသည်။

စာကြည့်တိုက်စာအုပ်ဆု

၂၀၁၁ ခုနှစ်အတွက် စာကြည့်တိုက်စာအုပ်ဆုကို စာရေးဆရာ ခင်မောင်မြင့်(စစ်ကိုင်း)ရေးသားသည့် “ဒီမိုကရေစီနိုင်ငံနှင့် စတုတ္ထမဏ္ဍိုင်”စာအုပ်က ရရှိသည်။

အဆိုပါဆုကို မေ ၁၅ ရက်(အင်္ဂါနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အမှတ်(၄၀)နတ်မောက်လမ်းရှိ Chartrium Hotel ၏ Grand Ballroom ခန်းမဆောင်၌ကျင်းပမည့် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုနှင့် ပညာရည်ချွန်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားတွင် တစ်ပေါင်းတည်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း မှုခင်းသတင်း

ဒလ၌ ခရီးသည်တင်ယာဉ် လမ်းဘေးထိုးကျ

ဒလ မေ ၉

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့ပေါ်၌ မေ ၄ ရက် နံနက် ၁၀ နာရီခွဲခန့်က ဒလ-တွံတေးပြေးဆွဲနေသော ဒိုင်နာခရီးသည်တင်ယာဉ်တစ်စီး ဂျိုင်းဆက်ပြုတ်ပြီး အရှိန်မထိန်းနိုင်ဘဲ ဒလ-တွံတေး ကားလမ်းမဘေး လမ်းတားမဲဇလီပင်အား ဝင်တိုက်ပြီး ယာဉ်တိမ်းစောင်းမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း အောင်သန်း အသက် (၃၀) ပေါက်တောကျေးရွာ တွံတေးမြို့နေသူသည် ဒိုင်နာအဖြူရောင် သ/... ယာဉ်အား ဒလသင်္ဘောဆိပ်မှ တွံတေးမြို့သို့ ခရီးသည်များတင်ဆောင်၍ ဒလ-တွံတေးကားလမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာစဉ် တစ်ဖာလုံခန့် ခရီးအရောက် ဒလပြည်သူ့ဆေးရုံအလွန် ယာဉ်ရှေ့ညာဘက်ဘီး ဂျိုင်းဆက်ပြုတ်ကာ လမ်းဘေးသို့ ထိုးဆင်းသွားပြီး ယာဉ်တိမ်းစောင်းသွားသည်။ ခရီးသည် ခင်မောင်ချင်း အသက် (၂၈)နှစ် အိုးဖို ရပ်ကွက် တွံတေးနေသူ အနည်းငယ်ဒဏ်ရာဖြင့် ဒလဆေးရုံတွင် ဆေးကုသမှု ခံယူခဲ့ရသည်။ ထိုအမှုအား ဒလရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(၁၅၁)**

လမ်းဖြတ်ကူးသူ ဆိုင်ကယ်တိုက်မိ၍သေဆုံး

လက်ပံတန်း မေ ၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့တွင် မေ ၁ ရက်က လက်ပံတန်းမြို့တွင်းမှ ကျွန်းကလေးဘက်သို့ ရဲဝင်းစိုး အသက်(၁၉)နှစ် ခေါင်းလောင်းတိုင်ကျေးရွာနေသူ မောင်းနှင်လာသည့် ကမ်ဘိုအမျိုးအစား အနက်ရောင် မော်တော်ဆိုင်ကယ်မှာ ကျွန်းကလေးအနောက်ဘက် ကမ်းတာဆုံအနီးအရောက် လမ်းဖြတ်ကူးသူ ဒေါ်မြသောင်း အသက်(၅၈)နှစ်အား ဝင်ရောက်တိုက်မိရာ ဦးခေါင်းနှင့်ညာလက်တို့တွင် ဒဏ်ရာများရရှိသဖြင့် ဆေးရုံသို့တင်ပို့ကုသစဉ် သေဆုံးသွားသည်။ အဆိုပါအမှုနှင့်ပတ်သက်၍ လက်ပံတန်းရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရှိရသည်။ (၀၉၈)

ပုလဲသွယ်စပ်မျိုးစပါး ဈေးကွက်ခိုင်မာပြီး ဝယ်လိုအားကောင်း ဒက္ခိဏသီရိမြို့နယ်ကို အချက်အချာပြု၍ ပျံ့နှံ့အောင်ကြိုးပမ်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာ၌ စံပြစက်မှုလယ်ယာ ပုလဲသွယ်စပ်မျိုးစပါး ၂၆၂ ဧက စိုက်ကွင်း ထွန်တုံးပိတ်ပွဲနှင့်ပုလဲသွယ်စပ်မျိုးစပါး တင်း၁၀၀လျှင် ငွေကျပ် လေးသိန်းနှုန်းဖြင့် ကြိုတင်ငွေတစ်ဧက ငွေကျပ်နှစ်သိန်း ပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၉

ယနေ့ နံနက် ၇ နာရီခွဲတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင် ကျေးရွာ၌ စံပြစက်မှုလယ်ယာ ပုလဲသွယ်စပ်မျိုးစပါး ၂၆၂ ဧက စိုက်ကွင်း ထွန်တုံးပိတ်ပွဲနှင့် ပုလဲသွယ်စပ်မျိုးစပါး တင်း ၁၀၀ လျှင် ငွေကျပ် လေးသိန်းနှုန်းဖြင့် ကြိုတင်ငွေ တစ်ဧက ငွေကျပ်နှစ်သိန်း ပေးအပ်ပွဲကျင်းပသည်။

အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်က ပုလဲသွယ်စပ်မျိုးစပါးသည် ဈေးကွက်ခိုင်မာပြီး ဝယ်လိုအားကောင်း၍ ဈေးနှုန်းသေချာကြောင်း၊ နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ကို အချက်အချာပြု၍ ပျံ့နှံ့အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှာ နိုင်ငံတော်အစိုးရ၏ စေတနာကြောင့်၊ ဆည်တမံများ၏ အကျိုးကျေးဇူးကြောင့် မိုးစပါးအောင်ရေ မပူပင်ရသကဲ့သို့ နွေစပါးကိုလည်း စိုက်ပျိုးရေ အလုံအလောက်ဖြင့် စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မိရိုးဖလာစိုက်နည်းစနစ်မှ ခေတ်မီစိုက်နည်းစနစ်များဖြင့် စိုက်ပျိုးခြင်း၊ ပုလဲသွယ်စပ်မျိုးစပါး ပြောင်းလဲစိုက်ပျိုးကြခြင်းတို့ဖြင့် ကြီးပွားချမ်းသာအောင် ကြိုးစားကြရန် မှာကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ခေတ်မီဆန်စက်ကြီးများ တည်ဆောက်၍ တန်းမြင့်ဆန်များ ရရှိပြီး နိုင်ငံခြားသို့ တိုးတက်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုများ၊ ဓာတ်မြေဩဇာနှင့် လယ်ယာသုံးစက်ကိရိယာများ လွယ်လင့်တကူ တင်သွင်းနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိမှုများကို ရှင်းလင်းပြောကြားသည်။

ပေးအပ်

ယင်းနောက် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဧရာဟသ်ာကုမ္ပဏီ ဒါရိုက်တာ ဦးရဲမင်းအောင်က အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး ၂၆၂ ဧက စိုက်ပျိုးကြသည့် တောင်သူတစ်ဦးချင်းစီသို့ တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းဖြင့် ကြိုတင်ငွေကျပ် ၅၂၄ သိန်းကို ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ရှင်းလင်းဆောင်အနီး ခင်းကျင်းပြသထားသော ပုလဲသွယ်ဆန်များ၊ စပ်မျိုးစပါးမျိုးစေ့များ၊ သွင်းအားစု ဓာတ်မြေဩဇာများကို ကြည့်ရှုပြီး တစ်ကွင်းတစ်စပ်တည်း ၂၆၂ ဧက စိုက်ပျိုးထားရှိသည့် အဆင့်မြင့် စက်မှုလယ်ယာ ပုလဲသွယ်စပ်မျိုးစပါးစိုက်ကွင်း ထွန်တုံးပိတ်ပွဲ အခမ်းအနားကိုလည်း ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး (CNF) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး ဖိတ်ခေါ်ချက်အရ နိုင်ငံတော်အစိုးရထံသို့ ကမ်းလှမ်းလာသော ချင်းအမျိုးသားတပ်ဦး (CNF) နှင့် နိုင်ငံတော်အစိုးရအဖွဲ့၏ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့သည် မေ ၇ ရက်တွင် ဟားခါးမြို့ ပြည်ထောင်စုရိပ်သာ အစည်းအဝေးခန်းမ၌ ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးအောင်မင်း၊ ဦးဝင်းထွန်းနှင့် ဦးဇော်မင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီးကျော်စိုးဝင်း၊ ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းဦး၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ကျော်သန့်နိုင်နှင့် တာဝန်ရှိသူများ၊ ချင်းအမျိုးသားတပ်ဦး (CNF) ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာရွှေခါး ဦးဆောင်သည့်အဖွဲ့ဝင်များနှင့်နှစ်ဖက်အကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

အပြန်အလှန်လဲလှယ်

အဆိုပါ အစည်းအဝေးတွင် ချင်းအမျိုးသားတပ်ဦး (CNF) က ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ဆွေးနွေးရန် တင်ပြလာသည့် အချက်(၁၅) ချက်အား အပြန်အလှန် ညှိနှိုင်းဆွေးနွေးကြပြီးနောက် နှစ်ဖက်သဘောတူ စာချုပ်များ လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ကြသည်။

ပေးအပ်

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ညစာစားပွဲ၊ မီးပုံပွဲကျင်းပခဲ့ပြီး ငြိမ်းချမ်းရေးလက်ဆောင်များ အပြန်အလှန်ပေးအပ်ကာ ချင်းအမျိုးသားတပ်ဦး (CNF) အတွက် နိုင်ငံတော်သမ္မတကြီး၏ ငြိမ်းချမ်းရေးလက်ဆောင် SkyNet ရုပ်သံဖမ်းစက် အစုံ ၂၀ကိုသမ္မတကြီးကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ချင်းအမျိုးသားတပ်ဦး(CNF)သို့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

ပေးအပ်

ချင်းအမျိုးသားတပ်ဦး (CNF) အတွက် နိုင်ငံတော်သမ္မတကြီး၏ ငြိမ်း ချမ်း ရေး လက် ဆောင် Sky Net ရုပ်သံဖမ်းစက်အစုံ (၂၀) ကို သမ္မတကြီး ကိုယ် စား ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း က ပေးအပ်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ကုမ္ပဏီများမှ တာဝန်ရှိသူများတွေ့ဆုံ

နေပြည်တော် မေ ၉

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ CTV ရုပ်မြင်သံကြားထုတ်လွှင့်ရေးကုမ္ပဏီမှ Mr. GONG WENJI နှင့် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

လာရောက်တွေ့ဆုံ

ထို့နောက် ပြည်ထောင်စုဝန်ကြီးအား စင်ကာပူသမ္မတနိုင်ငံ SONY SOUTH EAST ASIA [A DIVISION COMPANY OF SONY ELECTRONICS (S) Pte.,Ltd.] မှ Mr. Kevin Hee Kaiwei နှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် အဆိုပါကုမ္ပဏီများမှ တာဝန်ရှိသူများသည် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီအတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် ရုပ်မြင်သံကြားထုတ်လွှင့်ရေးစနစ်များ၊ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ အချိန်သတ်မှတ်စနစ်၊ မှတ်တမ်းတင်စနစ်၊ သတင်းအချက်အလက်ပြုစုပေးပို့ ပြန်ကြားရေးစနစ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ အားကစားပြိုင်ပွဲ၊ အားကစားကွင်း/အားကစားရုံနှင့် ပရိသတ်တို့အတွက် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် အသံလွှင့်ပိုင်းဆိုင်ရာ စက်ကိရိယာများ၊ နည်းပညာများနှင့် စပ်လျဉ်း၍လည်းကောင်း သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား စင်ကာပူသမ္မတနိုင်ငံ SONY SOUTH EAST ASIA [A DIVISION COMPANY OF SONY ELECTRONICS (S) Pte.,Ltd.] မှ Mr. Kevin Hee Kaiwei နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

စပျစ်သီးကဲ့သို့ အပြွတ်လိုက်အခိုင်လိုက်သီးနေသော ဘူးသီး

တောင်ငူ မေ ၉

ဘူးသီးပင်၏ သဘာဝမှာ အညှာတစ်ခု ဘူးသီးတစ်လုံး ဖြစ်သည်။ ယခုအခါ ထန်းတစ်ပင်မြို့နယ်တွင် ပင်ကိုဗီဇသဘာဝ မဟုတ်ဘဲ အညှာတစ်ခုမှ စပျစ်သီးကဲ့သို့ ဘူးသီး ၁၅လုံး သီးနေသည်ကို တွေ့ခဲ့ရသည်။ စပျစ်သီးကဲ့သို့ အပြွတ်လိုက် အခိုင်လိုက် သီးနေခြင်းကို ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကမ်းနားလမ်းရှိ ဦးအောင်ကြည် - ဒေါ်ခင်ဝင်း (ကျော်သူမုန့်ဟင်းခါးဖို) အိမ်နောက်ဖေး စစ်တောင်းမြစ်ကမ်းပါးတွင် လွန်ခဲ့သော နှစ်လခန့်က စတင်သီးခဲ့ပြီး မေ ၈ရက်က ပုံပါအတိုင်း ထူးဆန်းစွာ တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ (၁၂၃)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀-၅-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
	- ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	ကျန်းမာဖို့အတူကစားစို့
၇း၃၀	နံနက်ခင်းသတင်း
၇း၄၀	မင်းကွန်းဆရာတော်ကြီး၏ ဒိသာဖရဏာမေတ္တာပို့ ဓမ္မပူဇာတေး (တေးရေး-မောင်မောင်လတ် သီဆိုပူဇော်သည်)

ညပိုင်း

၄း၄၅	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅း၄၅	**ညီညွတ်မျှတ မဲခေါင်ဒေသ**
၆း၀၀	ညနေခင်းသတင်း
၆း၁၅	မိုးလေဝသအခြေအနေ
၆း၂၀	မှုဆယ်အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းမှ တင့်ဆန်းလာမည့် ရောင်စုံပန်းအလှ
၈း၀၀	ပြည်တွင်းသတင်း
	- နိုင်ငံတကာသတင်းများ
	- မိုးလေဝသအခြေအနေ
	- **အစာလည်းဆေး၊ ဆေးလည်းအစာ**

ဧပြီလအတွင်းနိုင်ငံတစ်ဝန်း မီးလောင်မှု (၁၀၂)ကြိမ်ဖြစ်ပွား

ရန်ကုန် မေ ၉

ဧပြီလအတွင်း နိုင်ငံတစ်ဝန်း၌ မီးလောင်မှု (၁၀၂) ကြိမ်ဖြစ်ပွားခဲ့ပြီး မီးဖိုမီး၊ ပေါ့ဆမီး(၇၄)ကြိမ်၊ လျှပ်စစ်မီး(၁၇)ကြိမ်၊ အလိုအလျောက်မီး တစ်ကြိမ်၊ မသမာသူရှို့မီးကိုးကြိမ်နှင့် တောမီးတစ်ကြိမ် ပါဝင်သည်။

မီးလောင်မှုကြောင့် အိမ်ခြေအဆောက်အအုံ ၁၀၈၈ လုံး၊ ဂိုဒေါင်နှစ်လုံး မီးလောင်ခံရပြီး မီးဘေးဒုက္ခသည် ၆၅၃ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ လူရှစ်ဦး သေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

10-5 (06).pmd 1 5/10/2012, 2:10 AM

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ပြည်ပဧည့်သည်များတွေ့ဆုံ

နေပြည်တော် မေ ၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား Euromoney Institutional Investor PLC ၏ Chief Executive Officer (Asia) , Mr. Tony Shale နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများ၊ နည်းပညာအကူအညီပေးနိုင်မှုအခြေအနေများ၊ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲနှင့် သင်တန်းများပံ့ပိုးပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးမှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား နံနက် ၁၁ နာရီတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ AB Bank Ltd. ဥက္ကဋ္ဌ Mr. M. Wahidul Haque နှင့်အဖွဲ့သည် လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ကုန်သွယ်ရေးနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးကဏ္ဍမှ ပံ့ပိုးပေးနိုင်သည့်အခြေအနေများနှင့် နှစ်နိုင်ငံဘဏ်များအကြား ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

မွန်းလွဲ ၁ နာရီတွင် ဗြိတိန်အထက်လွှတ်တော်အမတ် Mr. Lord Waverley လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံအစိုးရ၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အမေရိကန်နှင့် ဥရောပသမဂ္ဂတို့မှ အရေးယူပိတ်ဆို့မှုများအား တစ်ဆင့်ပြီးတစ်ဆင့် ရုပ်သိမ်းပေးလာသည့်အခြေအနေများ၊ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် နည်းပညာအကူအညီပံ့ပိုးပေးနိုင်မည့်အခြေအနေများနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား ဗြိတိန်အထက်လွှတ်တော်အမတ်တွေ့ဆုံ မြန်မာနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်မည်ပြောကြား

နေပြည်တော် မေ ၉

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား ဗြိတိန်နိုင်ငံ အထက်လွှတ်တော်အမတ် Mr. Lord Waveley သည် ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(ဝဲပုံ)** စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဆိုင်ရာများကို မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး နည်းပညာရပ်ဆိုင်ရာအကူအညီများ ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

သောက်သုံးရေနှင့်ရေအားလျှပ်စစ်ရရှိရေး ဆောင်ရွက်ပေးထားမှုအပေါ် အကျိုးခံစားခွင့် ရေရှည်တည်တံ့ရန် ရေထွက်များမှာ အရေးကြီး

နေပြည်တော် မေ ၉

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် မေ ၅ ရက် မွန်းလွဲပိုင်းတွင် မုံရွာမြို့မှ ဂန့်ဂေါမြို့သို့ သွားရောက်ပြီး လမ်းဘေးဝဲယာရှိ သစ်တောစိုက်ခင်းများ၊ သစ်တောကြိုးဝိုင်းများနှင့် သစ်ဆိပ်များကို ကြည့်ရှုစစ်ဆေးသည်။

ခန်းခြောက်ကာ မြစ်ချောင်းများ တိမ်ကောသွားမည်ဖြစ်ကြောင်း၊ ကျေးရွာများအလိုက် သောက်သုံးရေနှင့်ရေအားလျှပ်စစ်ရရှိရေး ဆောင်ရွက်ပေးထားမှုအပေါ် အကျိုးခံစားခွင့် ရေရှည်တည်တံ့ရန် ရေထွက်များမှာ အရေးကြီးကြောင်း၊ ရေထွက်ကောင်းသော အချို့ကျေးရွာများတွင် ၂၄ နာရီ လျှပ်စစ်မီးရရှိနေပြီဖြစ်ကြောင်းပြောကြားပြီး ဒေသခံများ ဗိုလ်ချုပ်ဇော်ဝင်း၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့နှင့်အတူ ဟားခါးမြို့ ပြည်ထောင်စုရိပ်သာဖွင့်ပွဲသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့်အလှူရှင် ဦးကျော်စိုးလွင်တို့က ပြည်ထောင်စုရိပ်သာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ရိပ်သာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

လှူဒါန်းခဲ့

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် မေ ၈ ရက် နံနက်ပိုင်းတွင် ဟားခါးမြို့နယ် လေအွမ်း(ခ)ကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် ငွေကျပ်သိန်း ၅၀ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖွင့်လှစ်ပေး

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ဟားခါးမြို့ ပြည်ထောင်စုရိပ်သာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးသည် ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးငွန်ဆန်းအောင်နှင့်အတူ မေ ၆ ရက် နံနက်ပိုင်းတွင် ဟားခါးမြို့နယ် လုံကျွေးကျေးရွာ၌ ဒေသခံများတင်ပြချက်ဖြစ်သည့် ရေအားလျှပ်စစ်မီးရရှိရေးအတွက် ငွေကျပ် သိန်း ၇၀ နှင့်လမ်သုတ်ကျေးရွာ၌ မူလတန်းကျောင်းဆောင်သစ်ဆောက်လုပ်ရေးအတွက် ငွေကျပ် ၂၅ သိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် သီနမ်းကျေးရွာ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက ချင်းပြည်နယ် မြစ်၊ ချောင်း၊ ရေထွက်များ၏ ရေဝေရေလဲများကို ထိန်းသိမ်းသွားကြရန် လိုအပ်ကြောင်း၊ မထိန်းသိမ်းနိုင်ပါက ရေထွက်များ တင်ပြသည့် သီနမ်းကျေးရွာ အလယ်တန်းကျောင်း၌ ရပ်ဝေးရွာမှ ကျောင်းသားကျောင်းသူများအတွက် ဘော်ဒါဆောင်နှစ်ဆောင် ဆောက်လုပ်ရန် ငွေကျပ်သိန်း ၅၀၊ မာလ်ဆောင်းကျေးရွာ ရေအားလျှပ်စစ်မီးရရှိရေးအတွက် ငွေကျပ်သိန်း ၄၀၊ ရွာဗန်းကျေးရွာ ရေအားလျှပ်စစ်မီးရရှိရေးအတွက် ငွေကျပ်သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး

မိုးကလေးရွာပြီ. . . တိုး၍လာသည် . . . မီးပွိုင့်အပျက်

တစ်နေ့က ညနေပိုင်း. . .။ ရန်ကုန်မြို့တွင်း မိုးသဲကြီးမဲကြီးရွာချလိုက်သည်။ နာရီဝက်ခန့် ကြာသွားသည်။ မိုးရွာပြီဆိုလျှင် ရေမြောင်းပိတ်၊ ရေကြီးရေလျှံ အမြဲဖြစ်တတ်တဲ့ နာမည်ကြီး သိမ်ဖြူလမ်းတစ်လျှောက်လုံး ရေလျှံတော့တာပါပဲ. . .။ လမ်းမတစ်လျှောက်လုံး ရေပြင်ကြီးဖြစ်သွားသည်။

တိုက်တိုက်ဆိုင်ဆိုင် အဲဒီညနေပိုင်းက မိုးကရွာ. . . မီးကမလာ. . . အလုပ်လုပ်၍ မဖြစ်တော့။ ညနေ ၆ နာရီခန့်လောက်တွင် ခွင့်တောင်းပြီး အလုပ်မှ စောစောပြန်ဖြစ်သည်။ ပုံမှန်ဆို နေ့စဉ်သွား/ပြန်နေကျ ကမ်းနားလမ်း(၄၃)လမ်းထိပ်မှ သိမ်ဖြူလမ်း-စိန်ပေါလ်မှတ်တိုင်အထိ လမ်းလျှောက်ချိန် ၁၀ မိနစ်ခန့်သာကြာသည်။ ယနေ့တော့ မိုးကရွာ-ရေမြောင်းပိတ်၊ ရေလျှံ၊ ကားလမ်းမ ရေကျော်နေသဖြင့် ရေမြောင်းရှောင်၊ ကားတန်းတို့ရှောင်၊ ခြေသလုံးမြှုပ်သည့်ရေပြင်ကို တစ်လှမ်းချင်း သတိထားလျှောက် မှတ်တိုင်ရောက်တော့ နာရီဝက်ကျော်လောက်ကြာသွားသည်။

ရုတ်တရက်မိုးကြောင့် သိမ်ဖြူလမ်းတစ်လျှောက် ရေတွေပင်လယ်ဝေသွားသည်။ ကားတိုင်း တဖြည်းဖြည်းချင်းမောင်းရ၍ ကားတန်းကြီးဖြစ်သွားသည်။ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်(မြန်မာ့ကြယ်ငါးပွင့်သဘော်ရုံးရှေ့)မီးပွိုင့်မှ ဗိုလ်ချုပ်လမ်းနှင့် သိမ်ဖြူလမ်းမီးပွိုင့်(သိမ်ဖြူမီးရထားခုံးကျော်)အထိ ကားတန်းရှည်ကြီးဖြစ်သွားသည်။ မျက်စိတစ်ဆုံးအထိပင်။

လမ်းလျှောက်လာရင်း. . . အနော်ရထာလမ်းနှင့် သိမ်ဖြူလမ်း-စိန်ပေါလ်မီးပွိုင့်နားအရောက်၊ အသက် ၂၀-၂၅ နှစ်အရွယ် လူငယ်လေးငါးဦးထဲမှ တစ်ဦးက "မိုးကလေး ရွာပြီ. . . တိုး၍လာသည်. . . မီးပွိုင့်အပျက်ကြီး" ဟု ကာရန်မဲ့လေသံရှည်ကြီးဖြင့် ဟစ်အော်လိုက်ရာမှ ကျန်လူငယ်များက ဝိုင်းဟားကြကာ. . . "ဟုတ်တယ်ကွ. . . ဟိုမှာ မီးပွိုင့်ကြီးပျက်နေတယ်" "သတိ. . . သတိ" ဟု ဟစ်အော်ရင်း ကားတန်းကြားကွေ့ရှောင်ကာ လမ်းဟိုဘက်ဆီသို့ ဖြတ်ကူးသွားကြသည်။

မီးပွိုင့်ကြီးပျက်နေသည်ကို အခုမှ သတိပြုမိသည်။ မှန်ပါသည်။ လူငယ်များ အော်ဟစ်ပြက်ရယ်ပြုသွားသကဲ့သို့ "မိုးကလေးရွာပြီ. . တိုး၍လာသည်. . မီးပွိုင့်အပျက်" ဟု ဆိုရလောက်အောင်ပင် မိုးရွာပြီဟေ့ဆိုလျှင် သိမ်ဖြူလမ်းတစ်ကြောရှိ မီးပွိုင့်များ ပျက်ပြီ။ အထူးသဖြင့် ဆိုခဲ့သည့် အနော်ရထာလမ်းနှင့်သိမ်ဖြူလမ်းထောင့်ရှိ စိန်ပေါလ်မီးပွိုင့် ပျက်မြဲဖြစ်သည်။ အလားတူ ရန်ကုန်မြို့တွင်း၌ မီးပွိုင့်များလည်း သည်အတိုင်းဖြစ်သည်။ မိုးကလေးရွာပြီဆိုတိုင်း မီးပွိုင့်များ အပျက်ပို၍ပို၍တိုးလာသည်။ အပျက်ပို၍ များလာသည်။

မီးပွိုင့်ပျက်တော့ ယာဉ်ကြောအားလုံး ပိတ်ဆို့ကုန်သည်။ မီးပွိုင့်အတွင်းသို့ သူလည်း ရှေ့တိုးဝင်ချင်၊ ငါလည်း ရှေ့တိုးဝင်ချင်၊ တစ်ဦးနှင့်တစ်ဦးစာနာ၊ ညှာတာ၊ နားလည်မှု မပေးကြ။ မီးပွိုင့်အတွင်းအတင်းတိုးဝင်၊ တိုးထွက်ကြ၍ အရှိန်မထိန်းနိုင်၍ ယာဉ်အချင်းချင်းဆင့်ကဲတိုက် ဆင့်ကဲငြိ၊ အချင်းများကြ၊ မကြားဝံ့ မနာသာ ပြောကြ၊ ဆိုကြ၊ ခရီးသည်များသွားရေးလာရေးဖင့်နှေးကြန့်ကြာ အဆင်မပြေမှုဖြစ်ကြသည်ကို ကြိမ်ဖန်များစွာ တွေ့ဖူးကြုံဖူးပြီဖြစ်သည်။

"မိုးကလေးရွာပြီ. . . တိုး၍လာသည်. . . မီးပွိုင့်အပျက်. . . "မဖြစ်ရအောင် ဆိုင်ရာဆိုင်ရာတို့က စီမံနေပါပြီ။ စဉ်းစားနေကြပါပြီ။ စင်ကာပူမြို့တော်သို့ လေ့လာရေးခရီးသွားနေပါပြီ။"

"မိုးကလေးရွာပြီ. . . တိုး၍လာမည်. . . မကြာမီ Digital မီးပွိုင့်ဖြစ်တော့မည်". . ဟူ၍ ကျွန်တော် မရဲတရဲစာချီးမိပါသည်။ ***(နိုင်ချစ်)***

အိမ်တွင်းမှုသင်တန်းဖွင့်

ပခုက္ကူ မေ ၉

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(ပခုက္ကူ)၏ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၇)နှင့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဖွင့်ပွဲကို မေ ၇ ရက် နံနက် ၉ နာရီက ပခုက္ကူမြို့ အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦးက အမှာစကားပြောကြားသည်။ အဆင့်မြင့်သင်တန်းတွင် ၁၅ ဦးနှင့် အခြေခံသင်တန်းတွင် ၇၂ ဦး တက်ရောက်ကြကာ သင်တန်းကာလ သုံးလခွဲကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် မေ ၉

ယနေ့ နံနက် ၅ နာရီ ၄၃ မိနစ် ၅၀ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၁၅၂ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(မင်းဘူးမြို့၏အနောက်ဘက် ၁၂ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

အိမ်ထောင်စုများ၏ လူမှုစီးပွားရေး အခြေအနေ၊ အိမ်အကြောင်းအရာများကိုပါ သိရှိနိုင်သည့်အတွက် နိုင်ငံတော်က ဆောင်ရွက်နေသည့် ဆင်းရဲမှုပပျောက်ရေး အစီအစဉ်များအတွက်လည်း ပံ့ပိုးပေးနိုင်မည် ဖြစ်ကြောင်း။

နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အကဲဖြတ်ရာတွင်လည်းကောင်း၊ ဝင်ငွေနည်းပါးသူများအား ထောက်ပံ့ကြေးပေးသည့် ကိစ္စရပ်များတွင်လည်းကောင်း၊ အိမ်ရာအကူအညီပေးရေး၊ ပြန်လည်ထူထောင်ရေး၊ သက်သာချောင်ချိရေး၊ လူမှုဖူလုံရေး၊ သက်ကြီးရွယ်အို စောင့်ရှောက်ရေး၊ မသန်မစွမ်းနှင့်စစ်မှုထမ်းဟောင်းများ ထောက်ပံ့ရေး၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် လူမှုရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေခွဲဝေချထားရေးဆိုင်ရာ ကိစ္စရပ်များတွင်လည်း အသုံးပြုနိုင်ကြောင်း။

စီးပွားရေး လုပ်ငန်းရှင်များအတွက်မူ ဈေးကွက်ရှာဖွေခြင်း၊ စားသုံးသူခန့်မှန်းခြင်း၊ ကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်း စသည်တို့အတွက် အသုံးဝင်မည် ဖြစ်သကဲ့သို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ် ကျရောက်သူများ ကယ်ဆယ်ရေး စသည့်ကဏ္ဍများတွင်လည်း အသုံးဝင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံရှိ ဆက်စပ်ပတ်သက်သည့် ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် နိုင်ငံသူ၊ နိုင်ငံသားများအားလုံးကစိတ်တူကိုယ်တူ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လူဦးရေသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကိုဆောင်ရွက်ရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် ရရှိလာမည့်အချက်အလက်များ၏ အရည်အသွေးပြည့်ဝပြီး တိကျမှန်ကန်မှုသည် လွန်စွာအရေးကြီးကြောင်း။

စာချွန်လွှာလက်မှတ်ရေးထိုး

ဤလုပ်ငန်းကြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့နှင့်လည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

၂၀၁၂ ခုနှစ် ဧပြီ ၃၀ ရက်တွင် ကုလသမဂ္ဂနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့အကြား ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် အကူအညီပေးရေး စာချွန်လွှာ လက်မှတ်ရေးထိုးမှုပြုလုပ်ခဲ့ကြောင်း။

ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးအရာရှိ Mr. Vijay Nambia တို့သည် အကူအညီပေးရေး စာချွန်လွှာကို လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ခဲ့ကြပါကြောင်း၊ အဆိုပါ အခမ်းအနားသည် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းအတွက် အလွန်အရေးပါသည့် သမိုင်းမှတ်တိုင်တစ်ခုဖြစ်သကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး နိုင်ငံတကာ စံချိန်စံညွှန်းဖြင့် ဆောင်ရွက်သွားတော့မည်ဟု ကတိကဝတ်ပြုလိုက်ခြင်းလည်း ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်းကောက်ယူမှု မပြုနိုင်ခဲ့သည်မှာ နှစ်ပေါင်း ၃၀ ခန့်ရှိပြီ ဖြစ်သည့်အတွက် အခြားနိုင်ငံများနှင့် တန်းတူ ခေတ်မီနည်းပညာများ အသုံးပြုနိုင်ရေး၊ နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီသော အချက်အလက်များ ရရှိရေးအတွက် ပြည်တွင်း ပြည်ပ ပညာရှင်များ၏ အကြံဉာဏ်များကိုလည်း ရယူသွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စာချွန်လွှာတွင် ဖော်ပြပါရှိသည့်အတိုင်း သန်းခေါင်စာရင်း လုပ်ငန်းအကြံပေး ကော်မတီများ၊ နည်းပညာဆိုင်ရာ အကြံပေးကော်မတီများကို ဆောလျင်စွာ ဖွဲ့စည်းသွားရန် လိုအပ်ကြောင်း၊ အကူအညီပေးရေး စာချွန်လွှာတွင်ပါသည့် ခေတ်နှင့် လျော်ညီသော ဥပဒေတစ်ရပ်ရှိရေး စသည့်ကိစ္စများကိုလည်း အချိန်နှင့် တစ်ပြေးညီ အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ကျယ်ကျယ်ပြန့်ပြန့်

သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းသည် လူတိုင်းကိုကောက်ယူမည်ဖြစ်သည့်အတွက် လူထုလူတန်းစား အသီးသီး၊ အလွှာအသီးသီးက ပြည်သူများ သန်းခေါင်စာရင်း အကြောင်းကို နားလည်ရန်နှင့် ပါဝင်ကူညီရန်လိုအပ်ပါကြောင်း၊ သတင်းနှင့် ပြန်ကြားရေးကဏ္ဍအနေဖြင့် မီဒီယာမျိုးစုံကိုသုံးပြီး သန်းခေါင်စာရင်းနှင့်ပတ်သက်သည့် အသိပညာပေးလုပ်ငန်းများကို လုပ်ငန်းစီမံချက်များအတိုင်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်နေသည့် လူဦးရေစာရင်း၊ ဇယားအချက်အလက်များ ရရှိရေးအတွက် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းစဉ်ကြီးသည် နိုင်ငံတော်၏ **အမျိုးသားရေးတာဝန်** တစ်ရပ်ဖြစ်သည့်အတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်က ဦးဆောင်ဦးရွက်ပြုပြီး ကော်မတီအဆင့်ဆင့်၏ ကြီးကြပ်မှု၊ ပတ်သက်ဆက်စပ်နေသည့် ဌာနဆိုင်ရာဝန်ထမ်းများ၏ ကျွမ်းကျင်မှု၊ ကြိုးပမ်းအားထုတ်မှု စသည်တို့ကို အရင်းခံပြီး ဤလုပ်ငန်းကြီးကို သမိုင်းပေး အမျိုးသားရေးတာဝန်အဖြစ် ဝန်ကြီးဌာနအားလုံးနှင့်ပြည်သူလူထုတစ်ရပ်လုံးက အင်တိုက်အားတိုက် ဝိုင်းဝန်းကူညီပံ့ပိုးကြရန် လေးလေးနက်နက် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူမည့် အခြေခံအချက်အလက်များ၊ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းကြီး (၄)ရပ်ဖြစ်သည့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း၊ စာရင်းကောက်လုပ်ငန်း၊ စာရင်းပြုစုခြင်းလုပ်ငန်းနှင့် ဆန်းစစ်ခြင်းနှင့် အစီရင်ခံစာ ပြုစုထုတ်ပြန်ခြင်းလုပ်ငန်းများကို လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းနှင့်ပတ်သက်၍ ထိုင်းနိုင်ငံခရီးစဉ်မှ လေ့လာတွေ့ရှိချက်များ၊ အကြံပြုချက်များကို ဗဟိုသန်းခေါင်စာရင်း ကော်မတီ အတွင်းရေးမှူးက လည်းကောင်း၊ သန်းခေါင်စာရင်းလုပ်ငန်း၏ စာရင်းဇယားပြုစုရေးလုပ်ငန်းတွင် ICR နည်းပညာအသုံးပြုမှုနှင့်ပတ်သက်၍ ဒေါက်တာခိုင်ခိုင်စိုးကလည်းကောင်း၊ ဗဟိုသန်းခေါင်စာရင်း ကော်မရှင် အဖွဲ့ဝင်ဝန်ကြီးဌာနများ၏ အကြံပြုချက်များ၊ သဘောထားမှတ်ချက်များနှင့် ပတ်သက်၍ ဗဟိုသန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူးကလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်း ကော်မတီတို့မှအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေး အကြံပြုတင်ပြကြသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းသည် လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်သည့် အလျောက် ငွေအင်အား၊ လူအင်အားနှင့်အချိန်ကာလရှည်ကြာစွာ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် အခက်အခဲများရှိမည်ဖြစ်ကြောင်း၊ တိုင်းပြည်အမှန်တကယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်ကိုက်ညီပြီး အရည်အသွေးပြည့်ဝမှန်ကန်သည့် သန်းခေါင်စာရင်းဖြစ်စေရန် ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်မှုသာ အောင်မြင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အစည်းအဝေးအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်အဖွဲ့ဝင်များနှင့်အတူ အစည်းအဝေးခန်းမအတွင်း ခင်းကျင်းပြသထားသည့် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းကောက်ယူမှု မှတ်တမ်းစာစောင်များနှင့် ၂၀၁၄ ခုနှစ်အတွက် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းများတွင် အသုံးပြုမည့် စာရွက်စာတမ်းများကို ကြည့်ရှုလေ့လာသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား Ambassador Melanne Verveer ဦးဆောင်သောအဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၉

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား Global Women's Affairs ဆိုင်ရာ Ambassador Melanne Verveer ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မေ ၈ ရက် မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ဆွေးနွေးညှိနှိုင်း

ထိုသို့တွေ့ဆုံရာတွင် မိခင်နှင့်ကလေးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များနှင့် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်သင်တန်းပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦး၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းသိန်းဌေး(ပြည်သူ့ကျန်းမာ)နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေးမြိုင် ဓမ္မပူဇာစာပေဆုချီးမြှင့်ပွဲ

ဓမ္မရတနာဓမ္မမဂ္ဂဇင်း၊ ဓမ္မရံသီဓမ္မမဂ္ဂဇင်းတို့၏ အယ်ဒီတာချုပ် အမျိုးသားစာပေတစ်သက်တာဆုနှင့် စည်သူဘွဲ့ရှင်၊ ထေရဝါဒဗုဒ္ဓဘာသာနှင့် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ဓမ္မဗိမာန်တစ်သက်တာစာပေဆုရှင်ဖြစ်သော ဆရာကြီး ဦးလေးမြိုင်၏ လေးမြိုင်ဓမ္မပူဇာစာပေဆုချီးမြှင့်ပွဲကို မေ ၁ ရက် မွန်းလွဲ ၁ နာရီက မယ်လမုစေတီတော်ဝင်း အဘိဓမ္မာသင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ စာပေဆုရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြပြီး ဆရာကြီး ဦးလေးမြိုင်က မြတ်ဗုဒ္ဓ၏ဓမ္မများ တည်တံ့ခိုင်ခံ့ပြန့်ပွားရေးနှင့် အဓမ္မဝါဒများ ပပျောက်ရေးကို ရည်ရွယ်လျက် မိမိ၏ချွေးနှဲစာဖြင့် ဤဓမ္မပူဇာစာပေဆုချီးမြှင့်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သာသနာရေးဦးစီးဌာနမှ ဦးထွန်းနိုင်နှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ လယ်တွင်းသားစောချစ်တို့က ဓမ္မစာပေဆုချီးမြှင့်ခြင်းအတွက် ဝမ်းမြောက်ကြိုဆိုကြောင်းဖြင့် ပြောကြားသည်။

ချီးမြှင့်

ဆက်လက်၍ ဆရာကြီး ဦးလေးမြိုင်က ဓမ္မစာပေဆုများကို ပေးအပ်ချီးမြှင့်ရာ ဥပေက္ခာမရှိသောနှလုံးသား စာအုပ်ရေးသားသူ အရှင်နာရဒ (ဟိုပင်)၊ ပထမနိဗ္ဗာန်တရား အမှားနှင့်အမှန် စာအုပ်ရေးသားသူ ဘိက္ခုဓမ္မပိယ၊ ဒဿနသမ္မဒိတရား၏ လာရာနှင့်လားရာ စာအုပ်ရေးသားသူ အရှင်ကုန္ဒာစရိယာဘိဝံသ၊ အမှားနှင့်အမှန် (၁+၂) စာအုပ်ရေးသားသူ မစိုးရိမ်စာသင်သား၊ အပယ်ပိတ်၏မပိတ်၏ စာအုပ်ရေးသားသူ မစိုးရိမ်စာသင်သား၊ ပစ္စုပ္ပန်ကမ္မဝါဒ ဘာလဲ ဘယ်လဲ (၁+၂)စာအုပ်ရေးသားသူ သင်္ဂါဟက(တောင်သာ)၊ ဗုဒ္ဓ၏ ဗုဒ္ဓဝါဒ စာအုပ်ရေးသားသူ အရှင်ကာဝိဒ (ယော)၊ ဓမ္မအဓမ္မဝိနိစ္ဆယ စာအုပ်ရေးသားသူ ဦးညွန့်မောင်(ဓမ္မာစရိယ၊ ဘီအေ၊ အာရ်အယ်လ်)၊ ခြိမ့်ခြိမ့်သဲသဲ ဩဝါဒခံယူပွဲ စာအုပ်ရေးသားသူ ဝင်းအောင်ကြည်၊ မြင်တတ်မှမျက်လုံး စာအုပ်ရေးသားသူ ဉာဏ်နွံ၊ မိစ္ဆာလမ်းခွဲစာအုပ်ရေးသားသူ ဉာဏ်ဝင်း(ပင်လည်ဘူး)တို့အား စာအုပ်တစ်အုပ်လျှင် ငွေကျပ်သုံးသိန်းစီ ချီးမြှင့်ခဲ့သည်။

စုစုပေါင်း စာအုပ် ၁၁ အုပ်အတွက် ရေးသားပြုစုသူ ပညာရှင်ခုနစ်ဦးအား စာပေဆုများချီးမြှင့်ပြီးနောက် ဆုရသူများကိုယ်စား ဦးညွန့်မောင် (ဓမ္မာစရိယ၊ ဘီအေ၊ အာရ်အယ်လ်)က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှအိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။ (မီးသတ်ဦးစီးဌာန)

* *ကျောဖုံးမှ*

ပိတ်ပွဲအခမ်းအနားများကို အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်ရေး၊ ရုပ်မြင်သံကြားထုတ်လွှင့်မှုနှင့် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများကို ရင့်ကျက်ပြီး အတွေ့အကြုံများကို အခြေခံ၍ အဆင့်မြင့်မြင့်၊ ခမ်းခမ်းနားနားဖြင့် အောင်မြင်အောင်ကျင်းပနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Beijing B.V.E. Low Altitude Spatial Technology Co.,Ltd. မှ Mr. Wenji Gong က အားကစားပြိုင်ပွဲများတွင် ရုပ်မြင်သံကြားထုတ်လွှင့်မှုနှင့် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများတွင် အကူအညီပေးရေးကိစ္စရပ်များ ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ China Digital Video Limited မှ Mr. Hao Li Ming က စက်ပစ္စည်းများနှင့် နည်းပညာများ အကူအညီပေးရေးနှင့် စပ်လျဉ်း၍ လိုအပ်သောစက်ပစ္စည်းဆိုင်ရာများနှင့် အားကစားပြိုင်ပွဲများ၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အတွေ့အကြုံများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ရုပ်မြင်သံကြား ရိုက်ကူးထုတ်လွှင့်မှု ဆိုင်ရာများကို ကဏ္ဍအလိုက် ဆွေးနွေးကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အိမ်မဲ၌ ပုလဲသွယ်စပ်မျိုးစပါးစံကွက်ရိတ်သိမ်း

အိမ်မဲ မေ ၉

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ရေသိုးညောင်ဝိုင်းကျေးရွာအုပ်စု ကွင်းအမှတ် (၄၀/၄၁) ဦးပိုင်အမှတ် လ/၂၆ ရှိ စိုက်ခင်းတွင် ပုလဲသွယ်စပ်မျိုးစပါး တောင်သူပညာပေး စံပြစံကွက် ရိတ်သိမ်းပွဲကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ အိမ်မဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်အောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးခင်မောင်ဝင်းနှင့် ဝန်ထမ်းများ၊ ကုန်သွယ်/လယ်ယာ မန်နေဂျာ ဦးထွေးသိမ်း၊ စက်မှုလယ်ယာဦးစီးမှူး ဦးကျော်ကျော်သက်နှင့် စိတ်ပါဝင်စားသော တောင်သူများ တက်ရောက်ကြပြီး ပုလဲသွယ်စပ်မျိုးစပါး စံကွက်အထွက်နှုန်းအရ အခြောက်တင်း ၁၆၂ ဒသမ ၂ တင်းထွက်ရှိကြောင်းနှင့် ပုလဲသွယ်စပ်မျိုးစပါးကို ရယူစိုက်ပျိုးလိုပါက စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်သွယ်ဝယ်ယူနိုင်ပြီး စိုက်ပျိုးရေးနည်းစနစ်၊ နည်းပညာများ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(အောက်ပုံ) (မြို့နယ်စိုက်ပျိုးရေး)

နိုင်ငံပိုင်သတင်းစာများ၏ အနာဂတ်ခရီး

သတင်းထောက်မောင်ထူး

နွေ၏နေကား ပူပြင်းလှသည်။ နေမြင့်လာသည်နှင့် အပူက တက်လာသည်။မေလဆန်းဖြစ်သော်လည်း အပူချိန်ကမလျော့။ တစ်ခါတစ်ရံ မိုးရိပ်လေးများ တွေ့လာရသောအခါ ရင်ထဲမှာ အပျော်လေးများဝင်လာတတ်သည်။ ပူပြင်းသော နွေကာလ ကုန်ဆုံးပြီး အေးမြသောမိုးကာလသို့ အမြန်ရောက်ပါစေတော့ဟု ဆန္ဒပြုမိသည်။

စာရေးသူမှာ မီဒီယာသမားသတင်းထောက်တစ်ဦးပေမို့ အပူကိုကြောက်နေ၍မရ၊ မီဒီယာသမား၏ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ရမည်ဖြစ်သည်။ နေပူသည်ဖြစ်စေ၊ မိုးရွာသည်ဖြစ်စေ သတင်းလိုက်ထွက်ရသည်က စာရေးသူတို့၏ အလုပ်ဖြစ်သည်။

သည်နေ့မနက် စာရေးသူအိမ်ကထွက်လာကတည်းက ဘာမျှစားမလာရသေးသဖြင့် ထိုင်နေကျလက်ဖက်ရည်ဆိုင်တွင် ဝင်ထိုင်ဖြစ်ခဲ့သည်။ တကယ်တော့ စာရေးသူ လက်ဖက်ရည် သောက်ချင်သည်ထက် ယမန်နေ့က သတင်းစာတိုက်သို့ ပို့လိုက်သော စာရေးသူ၏သတင်း သတင်းစာတွင် ပါ မပါ သိချင်သဖြင့် ဆိုင်တွင်းသို့ ဝင်ခဲ့ခြင်းဖြစ်သည်။ စာရေးသူ၏ အိမ်တွင် သတင်းစာများကို လပေးယူသော်လည်း အိမ်ကထွက်လာချိန်၌ သတင်းစာကမရောက်သေး။ နေမြင့်မှရောက်တတ်သဖြင့် ဤလက်ဖက်ရည်ဆိုင်တွင် သတင်းလိုက်ရင်း ခေတ္တနားခိုကာ သတင်းဦး၊ သတင်းထူးများကို ဝင်ဖတ်ခြင်းဖြစ်သည်။

ဆိုင်အတွင်းသို့ ရောက်သည်နှင့် စားပွဲထိုးက လက်ဖက်ရည်နှင့်မုန့်ကိုလာချစဉ် စာရေးသူက “သတင်းစာရောပေးပါဦး”ဟု လက်ဟန်နှင့်ပြလိုက်တော့ သူကမလှမ်းမကမ်းရှိ စားပွဲဝိုင်းတစ်ဝိုင်းသို့ လက်ညှိုးထိုးပြသည်။ ထိုစားပွဲဝိုင်းတွင် လူငယ်တစ်ဦး သတင်းစာကို သဲကြီးမဲကြီးဖတ်နေသည်ကို တွေ့ရသည်။ ဘေးကသူငယ်ချင်းဖြစ်ဟန်တူသူက ‘ဟေ့ကောင်-ဒီမှာ လက်ဖက်ရည်တွေအေးကုန်ပြီ၊ သတင်းစာချည်း သဲကြီးမဲကြီးဖတ်မနေနဲ့’ ဟု သတိပေးသော်လည်း “နေပါဦးကွ ဒီမှာဒီမှာသတင်းထူးလေးတွေပါလို့၊ မြစ်ကြီးနားရထားလမ်းချော်တဲ့သတင်း၊ ယာဉ်အိုယာဉ်ဟောင်းတွေ ပြန်အပ်တဲ့သတင်း၊ နိုင်ငံခြားသတင်း၊ အားကစားသတင်း၊ မှုခင်းသတင်းတွေ စုံလို့ပဲကွ၊ အခုတလော သတင်းစာတွေဖတ်ရတာ တော်တော်အရသာ ရှိလာတယ်၊ အရင်နဲ့မတူတော့ဘူး၊ သတင်းလည်းပိုစုံလာတယ်၊ သတင်းစာမဖတ်ဖြစ်တာတောင် အတော်ကြာပြီ၊ အခုမှ သတင်းတွေစုံမှန်းသိတော့တယ်၊ လက်ဖက်ရည်အေးတာက အရေးမကြီးဘူး၊ သတင်းစာအောက်ချလိုက်ရင် ယူမယ့်သူက အဆင်သင့်စောင့်နေရင် စောင့်နေမှာကွ၊ ပြီးအောင်ဖတ်လိုက်ဦးမယ်” ဆိုကာ ဟန်ပါပါနှင့် ဆက်ဖတ်နေပြန်သည်။

သတင်းစာဖတ်ရန် စောင့်ဆိုင်းနေသူ မိမိကိုရည်ညွှန်းပြောနေ လေသလားဟူသောအတွေးဖြင့် အနည်းငယ်တွန့်သွားမိသည်။ အိမ်တွင်သတင်းစာများယူထားပါလျက် စောင့်မဖတ်မိသော မိမိကိုမိမိပဲ အပြစ်တင်ရမလား၊ သတင်းစာနောက်ကျသည်ကိုပင် ယိုးမယ်ဖွဲ့ရမလား မပြောတတ်တော့။ လောလောဆယ် ယမန်နေ့က မိမိ ပို့လိုက်သော သတင်း ပါ မပါ သိချင်ရုံသက်သက်ကလေး သတင်းစာဖတ်ချင်နေခြင်းဖြစ်သည်။ ကျန်သတင်းများကိုတော့ အိမ်ပြန်ရောက်မှ ဖတ်လျှင်လည်းဖြစ်သည်။

စာရေးသူဝါသနာပါလွန်း၍ သတင်းထောက်လုပ်နေသည်မှာကြာခဲ့ပြီ။ ယခင်ကလည်း နိုင်ငံပိုင်သတင်းစာတိုက်ကြီးများသို့ သတင်းများပေးပို့ခဲ့ဖူးသည်။ ဌာနဆိုင်ရာသတင်းများ၊ အခမ်းအနား သတင်းများ၊ လူပုဂ္ဂိုလ်ကိုအစွဲပြုသော သတင်းများဖြစ်၍ ဆယ်ပုဒ်ပို့လျှင် သုံးပုဒ်ပါရန် ခက်လှသည်။

ယခုတော့ သတင်းစာတိုက်သို့ တစ်ပုဒ်ပို့လျှင် တစ်ပုဒ်ပါလာသည်။ စာရေးသူပေးပို့သော သတင်းများကလည်း ပြည်သူထဲက သတင်း၊ ပြည်သူအများစိတ်ဝင်စားသောသတင်း၊ ထူးခြားဖြစ်စဉ်သတင်း၊ မှုခင်းသတင်း စသည်တို့ဖြစ်ကြသည်။ ဆရာအယ်ဒီတာကလည်း အဆိုပါသတင်းမျိုးဆိုလျှင် ချက်ချင်းသုံးပေးသည်။ အဆိုပါသတင်းမျိုးကို ဆရာအယ်ဒီတာက ‘ဂျာနယ်တိုက်တွေကိုလည်း ပို့ချင်လည်းပို့ပေါ့ဗျာ’ ဟုဆိုသဖြင့် ပို့လိုက်သောအခါ ဂျာနယ်ထုံးစံအရ တစ်ပတ်ကြာမှပါလာသည်။ သတင်းစာတွင် နောက်တစ်ရက်ဆိုပါလာသည်။ သတင်းစာတိုက်အယ်ဒီတာများကလည်း သတင်းစာတိုက်တွင် စာရေးသူ၏သတင်းပြတ်သွားလျှင် ဖုန်းဖြင့်လှမ်းဆက်သွယ်၍ တောင်းသည်။ “ခင်ဗျားသတင်းမျိုး သတင်းစာထဲမှာ ထည့်ရတာ အရသာရှိတယ်ဗျ၊ လူတွေစိတ်ဝင်စားကြတယ်” ဟုဆိုသည်။

သတင်းထောက်ဟူသည် မိမိသတင်း သတင်းစာထဲပါလျှင် ကျေနပ်ကြသည်ပါပဲ။ ထို့အပြင် စာရေးသူပေးပို့လိုက်သော အများစိတ်ဝင်စားသည့်သတင်း၊ ထူးခြားဖြစ်စဉ်သတင်းများအတွက် သတင်းချီးမြှင့်ငွေကိုလည်း မြက်မြက်ကလေး ပေးလိုက်သေးသည်။ စာရေးသူ ပို၍ ကျေနပ်မိပါသည်။ ထို့ထက်ပို၍ ကျေနပ်ရသည်မှာ သတင်းစာတိုက်အယ်ဒီတာများ၏ မိမိအပေါ် ယုံကြည်မှု၊ အားကိုးမှုပင်ဖြစ်သည်။

မှတ်မိပါသေးသည်။ မကြာသေးသောကာလ နေ့ရက်တစ်ရက်၏ ညဉ့်သန်းခေါင်ယံဝန်းကျင်ဟုထင်ပါသည်။ အိပ်ရာဘေးတွင် ချထားသော စာရေးသူ၏ ဂျီအက်စ်အမ်မိုဘိုင်းဖုန်း အသံမြည်လာသဖြင့် ကောက်ကိုင်လိုက်ရာ ကျွန်တော့်ဆရာ အယ်ဒီတာ၏ ဖုန်းဖြစ်နေပါသည်။ သူက “အားတော့နာပါရဲ့ဗျာ၊ ခင်ဗျားတို့မြို့နယ်မှာ မီးလောင်နေလို့ အဲဒါသတင်းလေး ယူပေးပါဦး၊ ရရင်သတင်းစောင့်ထည့်မယ်ဗျာ” ဆိုသဖြင့် အိပ်ရာမှ ကမန်းကတန်းထကာ ဆရာအယ်ဒီတာပြောသော နေရာသို့ ရရာကားငှား၍ ထွက်ခဲ့ပါသည်။ စာရေးသူ၏နေအိမ်နှင့်ဝေး၍သာ မသိလိုက်ခြင်းဖြစ်သည်။ မီးလောင်ပြင်အနီး ရောက်တော့လူတွေ၊ မီးသတ်ကားတွေ၊ မီးဘေးသင့်သူတွေ ပျားပန်းခပ်မျှရှိနေပြီ။ စာရေးသူ မီးလောင်မြင်ကွင်းဓာတ်ပုံကို အမိအရရိုက်ယူပြီး သတင်းကိုအလျင်အမြန်ရေးလိုက်ပါသည်။ ပြီးနောက် နေပြည်တော်ရှိ သတင်းစာတိုက်သို့ သတင်းဓာတ်ပုံ ပေးပို့ရန် ကြိုးစားရပြန်ပါသည်။ ည ၁ နာရီကျော်ပြီဖြစ်၍ သည်အချိန်တွင် အင်တာနက်ဆိုင်များ မဖွင့်တော့ပါ။ စာရေးသူ အိမ်နားက မိတ်ဆွေအင်တာနက်ဆိုင်ကို အကူအညီတောင်း၍ ပေးပို့လိုက်ပါသည်။

မနက်မိုးလင်းသတင်းစာတွင် အဆိုပါမီးလောင်သတင်းသည် ဖောင်ပိတ်သတင်းအဖြစ် ဖော်ပြပါရှိလာပါသည်။ ဤနေရာတွင် စာရေးသူတင်ပြလိုသည်မှာ သတင်းထောက်နှင့် အယ်ဒီတာတို့၏ အပြန်အလှန်အားကိုးမှု၊ ယုံကြည်မှုထက် သတင်း၏တန်ဖိုးကို ဖော်ပြလိုခြင်း ဖြစ်ပါသည်။

သတင်းတန်ဖိုးနှင့်ပတ်သက်၍ နှစ်ပိုင်းခွဲတင်ပြလိုပါသည်။ ပထမအပိုင်းမှာ ထိုနေ့ညက မီးလောင်သတင်းဖြစ်စဉ်ကို အချိန်မနှောင်းစေဘဲ ပြည်သူ့ထံသတင်းစာမှတစ်ဆင့် သတင်းဦးအဖြစ် ရေးသားတင်ပြနိုင်ခဲ့သဖြင့် သတင်း၏တန်ဖိုး မြင့်တက်ခဲ့ရခြင်းဖြစ်ပါသည်။ ဒုတိယအပိုင်းမှာ ထိုနေ့ညက သတင်းလိုက်၍ရခဲ့သော ထူးခြားဖြစ်စဉ် သတင်းတိုတစ်ပုဒ်အတွက် ကုန်ကျခဲ့ရသော ငွေကြေးတန်ဖိုး ဖြစ်ပါသည်။ လိုင်းကားများမရှိသော သန်းခေါင်ယံတွင် အငှားယာဉ်ဖြင့် အသွားအပြန်စရိတ်နှင့် အင်တာနက်ဆိုင်မှတစ်ဆင့် သတင်း၊ ဓာတ်ပုံပေးပို့မှုအတွက် ကုန်ကျစရိတ်မည်မျှရှိမည်ကို စာဖတ်သူများခန့်မှန်း၍ ရနိုင်ပါလိမ့်မည်။ ထိုကုန်ကျစရိတ်များကို သတင်းစာတိုက်မှ အကုန်အကျခံခဲ့ပါသည်။ စာမူခများကိုလည်း ထိုက်သင့်စွာချီးမြှင့်ခဲ့ပါသည်။

ယခင်က နိုင်ငံပိုင်သတင်းစာကြီးများ၏ စာမျက်နှာများတွင် ဌာနဆိုင်ရာသတင်းများ နေရာယူထားသဖြင့် အများဖတ်ချင်သော သတင်းဦး၊ သတင်းထူးများကို ထည့်သွင်းရန် နေရာမရဘဲရှိနေခဲ့ရာမှ ယခုအခါ မီဒီယာကဏ္ဍပြုပြင်ပြောင်းလဲမှု၏ အကျိုးကျေးဇူးကြောင့် သတင်းဦး၊ သတင်းထူးများကို ထည့်သွင်းခွင့် ရရှိလာသောအခါ ကုန်ကျစရိတ်များလည်း တိုးလာမည်မှာသေချာလှပါသည်။ ယခင်က ဌာနဆိုင်ရာ သတင်းများဖော်ပြရာတွင် အဆိုပါသတင်းများကို သွားရောက်ရယူရန်မလို၊ သတင်းခ ချီးမြှင့်ရန်မလိုသဖြင့် ကုန်ကျစရိတ်ကြီးမြင့်မည် မဟုတ်သော်လည်း ယနေ့အခါ နိုင်ငံပိုင်သတင်းစာကြီးများတွင် ဖော်ပြခွင့်ရလာသော သတင်းဦး၊ သတင်းထူးနှင့် ဖတ်ချင့်စဖွယ်သတင်းများအတွက် ကုန်ကျစရိတ်များရှိလာမည် ဖြစ်ပါသည်။

ယခုတလော စာရေးသူ၏အိမ်တွင်ယူသော နိုင်ငံပိုင်သတင်းစာကြီး သုံးစောင်ဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံ၊ သည်နယူးလိုက်အော့ဖ်မြန်မာသတင်းစာများကို သတိထားလေ့လာကြည့်မိသည်။ အဆိုပါသတင်းစာများတွင် ခေါင်းကြီးပိုင်းများဆန်းသစ်လာသည်ကို တွေ့ရသည်။ သတင်းမှတ်စု၊ ဆောင်းပါး၊ သတင်းဆောင်းပါးများသည် မှတ်သားဖွယ်ရာများဖြင့် ဖတ်ချင့်စဖွယ် ဝေဝေဆာဆာပါဝင်လာသည်။ နိုင်ငံတကာသတင်းများ၊ နိုင်ငံတကာရုပ်ရှင်နှင့် ဂီတသတင်းများ၊ သိပ္ပံဆိုင်ရာသတင်းများသည် စာမျက်နှာနေရာ ရလာသည်နှင့်အမျှ စာဖတ်သူတို့ အားပါးတရ ဖတ်ရှုခွင့်ရလာသည်။ အထူးနှစ်ခြိုက်မိသည်မှာ နိုင်ငံတကာအားကစားသတင်း ဖြစ်သည်။ ဂြိုဟ်တုစလောင်းမရှိ၍ စာရေးသူတို့ မကြည့်နိုင်သော ဘောလုံးပြိုင်ပွဲသတင်း၊ အိပ်နေချိန်ဖြစ်၍ မကြည့်နိုင်သော အနောက်နိုင်ငံများတွင် မြန်မာစံတော်ချိန်အရ ညဉ့်နက်သန်းခေါင်ကန်သော နိုင်ငံတကာဘောလုံးပွဲသတင်းများကို ဆရာအယ်ဒီတာများက စေတနာဗရပွနှင့် အပင်ပန်းခံကာ စောင့်ဆိုင်းရေးသားဖော်ပြသဖြင့် မနက်မိုးလင်းလျှင် စာရေးသူတို့မနက်စာစားရင်း၊ လက်ဖက်ရည်သောက်ရင်း ဇိမ်ကျကျ ဖတ်ခွင့် သိခွင့် ရနေပြီဖြစ်သည်။

ဆိုရလျှင် အဆိုပါသတင်းမှတ်စု၊ ဆောင်းပါး၊ သတင်းဆောင်းပါးနှင့် နိုင်ငံတကာသတင်းများအတွက်လည်း စာမူခများ အထိုက်အလျောက် ချီးမြှင့်ပေးကြရမည်ဖြစ်ပါသည်။

ဤသို့နှယ် ဆရာအယ်ဒီတာများ၏ ကြိုးပမ်းမှု၊ သတင်းထောက်များ၏ ပူးပေါင်းကူညီမှုဖြင့် သတင်းစာများတွင်အကြောင်းအရာစုံလင်ပြီး အရည်အသွေးတက်လာသော်လည်း စာဖတ်သူများလက်ထဲ နေမြင့်မှရောက်နေသည်မှာ ဝမ်းနည်းဖွယ်ရာဖြစ်ပါသည်။

မြို့နယ်သတင်းထောက်များ အစည်းအဝေးခေါ်သဖြင့် စာရေးသူ နေပြည်တော်ရှိသတင်းစာတိုက်သို့ရောက်စဉ် ဆရာအယ်ဒီတာတစ်ဦး ပြောသောစကားကို မှတ်မိနေသေးသည်။

“သတင်းစာရဲ့တန်ဖိုးမြင့်ဖို့ဆိုတာ သတင်းတန်ဖိုးမြင့်ဖို့တင် မကဘူး၊ သတင်းစာစောသည်ထက်စောအောင် စာဖတ်သူလက်ထဲ ရောက်ဖို့လည်းလိုတယ်”ဟု ဆိုခဲ့ဖူးသည်။

တစ်ဆက်တည်းပင် ဆရာအယ်ဒီတာက စာဖတ်သူလက်ထဲ သတင်းစာ စောစောရောက်ရန် သတင်းစာဖြန့်ချိရေးစနစ်သည် အရေးကြီးကြောင်း၊ အချို့နိုင်ငံများတွင် နံနက်ငါးနာရီဆိုလျှင် စာဖတ်သူများ၏ အိမ်ရှေ့သို့ရောက်နေပြီဖြစ်ကြောင်း၊ ထိုသို့ ရောက်ရှိနိုင်ရန် ပုံနှိပ်တိုက်ရှေ့တွင် နယ်မြေအလိုက် သတင်းစာဖြန့်ချိရေးမော်တော်ယာဉ်များကို ထိုးထားကြောင်း၊ ပုံနှိပ်စက်ကလည်း လူအင်အားဖြင့် ထုပ်ပိုးခြင်းမဟုတ်ဘဲ ပုံနှိပ်စက် Folder ကနေ စောင်ရေအလိုက် သတ်မှတ်ပေးထားသည့် သတင်းစာများထည့် သည့်ခွက်များဖြင့် မော်တော်ယာဉ်ပေါ်သို့ တိုက်ရိုက်တင်ပို့ရသောစနစ်ကို ကျင့်သုံးကြကြောင်း၊ သတင်းစာကိုယ်စားလှယ်များက သတင်းစာတိုက်သို့ လာရောက်ထုတ်ယူကြရန် မလိုကြောင်း၊ အချို့ဆိုလျှင် မြို့နယ်များအတွင်းရှိ စတိုးဆိုင်ကြီးများသို့ မော်တော်ယာဉ်များဖြင့် အများပြည်သူအလွယ်တကူ ဝယ်ယူဖတ်ရှုနိုင်ရန် လိုက်လံပေးပို့ကြကြောင်း ပြောကြားခဲ့သည်ကို မှတ်မိခဲ့သည်။

ဟုတ်ပေသားပဲ၊ သတင်းစာ စောစောဖတ်နိုင်ဖို့ဆိုလျှင် သတင်းစာတိုက်အတွက် ဖြန့်ချိရေးကုန်ကျစရိတ်တွေလည်း တက်လာဦးမှာပါပဲ။

ယခုဆိုလျှင် သတင်းစာတစ်စောင်ကို ကျပ် ၅၀ ဖြင့် သတင်းစာတိုက်က သတ်မှတ်ရောင်းချလျက်ရှိသည်။ လူစည်ကားရာနေရာများတွင် လက်ပွေ့ရောင်းသူများက အနည်းဆုံး ကျပ် ၁၀၀ဖြင့် ရောင်းသည်ကို တွေ့ရသည်။ သတင်းထူးလျှင် ဝယ်၍ပင်မရ။ သတင်းလည်းထူးပြီ၊ သတင်းစာလည်း ဈေးကွက်သို့ စောစောရောက်ပြီဆိုလို့ကတော့ သတင်းစာရောင်းဈေးတန်ဖိုးက အဓိက မကျတော့။ သတင်းစာဖတ်ရဖို့သာ ပဓာန ဖြစ်လေတော့သည်။

ယခုတစ်ဖန် ဆရာအယ်ဒီတာထံက ကြားရပြန်သည်။ နိုင်ငံခြားမှ သတင်းစာကုန်ကြမ်းစက္ကူများကို ယခင်က တစ်ဒေါ်လာ ခြောက်ကျပ်ကျော်ကျော်နှုန်းဖြင့်သာ ဝယ်ရပြီး ယခုအခါ တစ်ဒေါ်လာ ကျပ် ၈၀၀ ကျော်နှုန်းဖြင့် ဝယ်ရကြောင်း သိရပြန်သည်။

သတင်းစာဈေးကွက်တွင် အရှုံးနှင့်ရင်ဆိုင်နေရသည်မှာ သေချာလှပါပြီ။ စာဖတ်သူများ ဈေးသက်သက်သာသာဖြင့် ဝယ်ယူဖတ်ရှုစေလိုသော စေတနာဖြင့် ဈေးနှုန်းလျှော့၍ ရောင်းချသည်မှန်သော်လည်း ဈေးကွက်စီးပွားရေးစနစ်တွင် အရှုံးခံ၍ရောင်းချခြင်းဆိုသည်မှာ မဖြစ်သင့်တော့။ အမြတ်ရလိုခြင်းသည် အဓိကမဟုတ်သော်လည်း အရှုံးခံရောင်းချခြင်းသည် ဈေးကွက်စီးပွားရေးစနစ်နှင့် ကိုက်ညီမှုမရှိတော့ချေ။

ယနေ့မီဒီယာလောကမှ ဂျာနယ်၊ မဂ္ဂဇင်းများနည်းတူ ခေတ်နှင့်အညီ လိုက်ပါနိုင်ဖို့ဆိုလျှင် ဈေးကွက်ကိုလည်း မေ့ထား၍ မရချေ။ သတင်းစာတစ်စောင် ကျပ် ၅၀ ဟူသည် မြန်မာနိုင်ငံအတွင်း ထုတ်ဝေသော မည်သည့်ဂျာနယ်၊ မည်သည့် မဂ္ဂဇင်းတွင်မျှမရှိ။ ဂျာနယ်၊ မဂ္ဂဇင်းတစ်စောင်လျှင်ပင် ကျပ် ၄၀၀ မှ ၄၀၀၀ ဝန်းကျင်အထိ ရှိနေပြီဖြစ်သည်။

သတင်းစာထုတ်ဝေသူများက ဈေးနှုန်းမြှင့်လိုက်ပါလျှင် စောင်ရေလျော့သွားမည့်အရေး တွေးပူနေသည်ဟု ထင်ပါသည်။ တွေးပူရန်မလိုပါ။ နိုင်ငံတကာသတင်းစာများကိုကြည့်လျှင် အချို့သတင်းစာများသည် မြန်မာငွေကျပ် ၁၀၀၀အထက်တွင် ရှိကြသည့်အပြင် စောင်ရေသန်းဂဏန်းအထိပင်ရှိကြပါသည်။ နိုင်ငံလူဦးရေများသဖြင့် စောင်ရေများရခြင်းဖြစ်သည်ဟု အချို့ဆိုကြပါသည်။ မဟုတ်ပါ။ ထိုနိုင်ငံတွင် စောင်ရေ သောင်းဂဏန်းမျှပင် အနိုင်နိုင်ထုတ်ရသော သတင်းစာများလည်း ရှိပါသည်။ သတင်းစာပါ အကြောင်းအရာကောင်းကောင်းနှင့် သတင်းစာဖြန့်ချိမှုစနစ် ကောင်းရန်သာ အဓိကကျပါသည်။

ယခုအခါ နိုင်ငံပိုင်သတင်းစာကြီးများမှ အယ်ဒီတာကြီးများက ၎င်းတို့၏သတင်းစာကို အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါ ပြောင်းလဲရန်ကြိုးပမ်းနေကြသည်ကို စာဖတ်သူအားလုံး မြင်တွေ့ကြရမည် ဖြစ်ပါသည်။ မြို့နယ်သတင်းထောက်များကလည်း သတင်းဦး၊ သတင်းထူးများအပါအဝင် ပြည်သူများစိတ်ဝင်စားသော သတင်းများကို ရေးသားပေးပို့လျက်ရှိနေကြပြီ ဖြစ်ပါသည်။ စာရေးသူအနေဖြင့်လည်း တန်ဖိုးမြင့်သော သတင်းဦး၊ သတင်းထူးများကို သတင်းစာတိုက်သို့ ဆက်လက်ပေးပို့သွားမည် ဖြစ်ပါသည်။ သို့သော် အမှန်တိုင်းပြောရလျှင် သတင်းဦး၊ သတင်းထူးများနှင့် ဖတ်ချင့်စဖွယ် သတင်းများရဖို့ဆိုလျှင် မီးလောင်သတင်းယူသည့်ညကကဲ့သို့ ကုန်ကျမှုများရှိလာဦးမည်ဖြစ်ပါသည်။ သတင်းထောက်များသည် အများစုမှာ ချမ်းသာသူများမဟုတ်၍ အရှုံးခံအိတ်စိုက်ပြီး သတင်းမလိုက်လိုကြပါ။ ထိုအခါ သတင်းစာတိုက်မှ သတင်းတန်ဖိုးအလိုက် သတင်းခများတိုးမြှင့်၍ ချီးမြှင့်လာရမည်ဖြစ်ပါသည်။ သတင်းစာတိုက်ကအရှုံးပေါ်နေ၍ သတင်းခချီးမြှင့်ငွေလျှော့၍ မရပါ။ တန်ဖိုးရှိသောသတင်းများ သတင်းစာတိုက်သို့ ရောက်လာတော့မည်မဟုတ်ပါ။

ထို့ကြောင့် တန်ဖိုးမြင့်သောသတင်းစာဖြစ်ရန် သတင်းစာကို အရှုံးခံရောင်း၍ မဖြစ်တော့ပါ။ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ အထိုက်အလျောက် အကျိုးအမြတ်ရရှိရေးအတွက် စီမံရပေတော့မည်။ ထိုအခါ သတင်းစာတစ်စောင်၏ တန်ဖိုးကို အထိုက်အလျောက် မြှင့်တင်ရပေဦးမည်။

ယနေ့ကာလ နိုင်ငံပိုင်သတင်းစာတစ်စောင်၏ တန်ဖိုးသည် ကျပ်၅၀သာရှိရာ ကမ္ဘာ့တန်ဖိုးအနည်းဆုံး သတင်းစာရောင်းဈေးအဖြစ် ဂင်းနက်စ်စံချိန်ပင် တင်နိုင်ပါသည်။ လက်ဖက်ရည်တစ်ခွက် တန်ဖိုးသည် ကျပ် ၂၅၀ အထက်တွင်ရှိရာ တန်ဖိုးမြင့်သောသတင်းစာများဖြစ်ပေါ်လာခြင်းနှင့်အတူ သတင်းစာတစ်စောင် တန်ဖိုးမြင့်လာခြင်းကို စာဖတ်သူများနားလည်လက်ခံနိုင်မည်ဖြစ်ပါသည်။

စာရေးသူအနေဖြင့် ပြောရလျှင် ယခုအချိန်တွင် သတင်းစာ တစ်စောင်ဖတ်မလား၊ လက်ဖက်ရည်တစ်ခွက်သောက်မလားဟုမေးလျှင် အမှန်တိုင်းဖြေပါမည်။ လက်ဖက်ရည် တစ်ခွက်မသောက်ရရင် နေပါစေ၊ သတင်းစာ တစ်စောင် မဖတ်ရလျှင်တော့ မနေနိုင်ပါ။

စာရေးသူ လက်ဖက်ရည်ဆိုင်တွင်ထိုင်သည်မှာလည်း လက်ဖက်ရည်သောက်ချင်၍ မဟုတ်ပါ။ စာရေးသူပေးပို့သော သတင်း သတင်းစာတွင် ပါ မပါ သိလို၍ သတင်းစာဝင်ဖတ်ခြင်းသာ ဖြစ်ပါသည်။

ပြည်သူအကြိုက်သတင်းစာ၊ ပြည်သူများစွဲမက်ဖွယ်ကောင်းသော သတင်းစာဖြစ်လျှင် ဈေးနှုန်းသည် အဓိကမကျတော့ကြောင်း ပြောင်းလဲလာသည့် လက်ရှိကာလ မီဒီယာအခင်းအကျင်းကို လေ့လာပါက လက်တွေ့သိရှိနိုင်မည် ဖြစ်ပါသည်။

“ဆရာ-ဆရာဖတ်ချင်တဲ့သတင်းစာ”

ထိုသို့ သတင်းစာအကြောင်း တောင်တောင်အီအီအတွေးနယ်ချဲ့နေစဉ် စားပွဲထိုးကောင်လေးက သတင်းစာလာပေးသဖြင့် စာရေးသူ၏သတင်း ပါ မပါ ဖတ်ကြည့်လိုက်ပါသည်။

ကျေနပ်သွားပါပြီ။ စာရေးသူသတင်းမှာ ဆရာအယ်ဒီတာ၏ တည်းဖြတ်ပြင်ဆင်မှုကောင်းမွန်သောကြောင့် ပို၍ ပြောင်မြောက်သွားပါသည်။ ပြည်သူအကြိုက်သတင်းတစ်ပုဒ်ဖြစ်ခဲ့ပါပြီ။ စာရေးသူ ဂုဏ်ယူမိပါသည်။ စာရေးသူ၏သတင်းကို ကြိုးစားပမ်းစားဖတ်ရှုတည်းဖြတ် ပြင်ဆင်ပေးခဲ့သည့် ဆရာအယ်ဒီတာကို ကျေးဇူးတင်စကားဆိုရပါဦးမည်။ သို့သော် ယခုတော့မဟုတ်ပါ။ ယခုနံနက် ၉ နာရီခွဲပင်ရှိသေးသည်။ ဆရာအယ်ဒီတာ တစ်ညလုံးသတင်းစာ အလုပ်အပေါ် အာရုံစူးစိုက်ကြိုးပမ်းလုပ်ဆောင်ခဲ့သဖြင့် အိပ်မောကျနေပါဦးမည်။

ခုတော့ ဆရာအယ်ဒီတာတို့ လက်ရာသတင်းစာကို လက်မလည်အောင် ဖတ်နေကြရပါပြီ။ နိုင်ငံပိုင်သတင်းစာများ၏ အနာဂတ်ခရီးတွင် ထိုသို့စာဖတ်သူများ လက်မလည်အောင် ဆက်လက်ဖတ်ရှုနိုင်ရေးအတွက် ပြုပြင်သင့်သည်များ၊ ပြောင်းလဲသင့်သည်များကို ဈေးကွက်စီးပွားရေးကို အခြေခံ၍လည်းကောင်း၊ စတုတ္ထမဏ္ဍိုင်အဖြစ် ခိုင်ခိုင်မာမာရပ်တည်နိုင်မှုကို ရှေးရှု၍လည်းကောင်း ပြုပြင်ပြောင်းလဲရန်ကြိုးစားကြရမည်ဖြစ်ပါသည်။ စာရေးသူတို့ သတင်းထောက်များကလည်း ဆရာအယ်ဒီတာတို့သတင်းစာ ယခုထက် ပိုကောင်းအောင် ဆက်လက်ကြိုးစားနေပါဦးမည်။ ဆရာအယ်ဒီတာတို့ကလည်း နိုင်ငံပိုင်သတင်းစာကြီးများ ယခုထက် ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးစားနေဦးမည်ဟု ယုံကြည်ပါသည်။ ။

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၁၀-၅-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၄၀ **တရားရသော် တရားနဲ့ပျော်** တရားတော်
(ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ကုန္တက)
၁၀:၅၅ မီးရထားကြီးစီးပြီး ခရီးသွားကြမယ်
၁၂:၄၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ The Sing of Love (အချစ်သင်္ကေတ)(အပိုင်း-၄)
၅:၀၀ တုနှိုင်းမရသော မေမေ့မေတ္တာကို ဖွင့်ဆိုကြသူများ… (အကယ်ဒမီမေသန်းနု၊ တင်မိုးလွင်၊ ဒေါ်သန်းသန်းစိန်)
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၁၈)
၇:၂၅ Kick Rock Show (Part-4)
၈:၀၀ MRTV-4 သတင်း
၈:၃၀ Style ရှိမှ Star ဖြစ်မယ်
၉:၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၃၂)
၁၀:၂၅ အနုပညာမိုးကောင်းကင်
၁၀:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၄)
၁၁:၂၀ မှုဟန်ကိုယ်စီတေးကိုသီ

ကိုသစ္စာ - ရေးသားသည်

ရုပ်ရှင်မင်းသား တွမ်ခရုစ်၏ Rock of Ages ဇာတ်ကားပြသ

လော့စ်အိန်ဂျလိစ် မေ ၉

ရုပ်ရှင်မင်းသားတွမ်ခရုစ် ပါဝင်သရုပ်ဆောင်ထားသည့် Rock of Ages ဇာတ်ကားမှာ ဥရောပနိုင်ငံများ၌ ရုံတင်ပြသနေပြီဖြစ်ရာ ဝင်ငွေကောင်းမွန်နေကြောင်း၊ လူကြိုက်များသည့်အတွက် ဝင်ငွေစံချိန်တင်နိုင်ဖွယ်ရှိကြောင်း မေ ၈ ရက်က သတင်းထုတ်ပြန်သည်။ (ဝဲပုံ)

တွမ်ခရုစ်သည် ယခုဇာတ်ကား၌ ဆံပင်အရှည်ထားပြီး လက်နှစ်ဖက်တွင်လည်း တက်တူးအရုပ်များကို ထိုးထားသော လူတစ်ဦးအဖြစ် စရိုက်ကြမ်းကြမ်းအသွင် သရုပ်ဆောင်ထားသည်။

Rock of Ages ဇာတ်ကားတွင် တွမ်ခရုစ်သည် ထူးခြားသောအမျိုးသားကြီးတစ်ဦးအဖြစ် သရုပ်ဆောင်ထားသည့်အပြင် သူနှင့်အတူ အလက်ဘက်ဝင်၊ ရက်ဆယ်ဘရန်၊ ဇီတာဂျုန်းစသည့်သရုပ်ဆောင်များ တွဲဖက်ပါဝင်သရုပ်ဆောင်ထားသည်။

ယင်းဇာတ်ကားသည် ၂၀၀၆ ခုနှစ်က ရိုက်ကူးခဲ့သော All The World's a Stage ဇာတ်ကားနှင့် Unau Horized ဇာတ်ကားတို့ကို အခြေခံကာ ပြန်လည်ဆန်းသစ် ရိုက်ကူးထားခြင်းဖြစ်သည်။

အသက် ၄၉ နှစ်အရွယ်ရှိ ရုပ်ရှင်မင်းသား တွမ်ခရုစ်သည် Rock of Ages ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ကာ ကိုယ်တိုင်ထုတ်လုပ်သည့် One Shot ဇာတ်ကားမှာ အမေရိကန်နိုင်ငံတစ်ဝန်း၌ ရုံတင်ပြသလျက်ရှိသည်။ (အင်တာနက်)

အိန်ဂျလီနာဂျိုလီ လက်ထပ်တော့မည်

လော့စ်အိန်ဂျလိစ် မေ ၉

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး အိန်ဂျလီနာဂျိုလီသည် သူမနှင့် ခုနစ်နှစ်ခန့်တွဲလာခဲ့သည့် ဘရက်ပစ်နှင့် လက်ထပ်တော့မည်ဖြစ်ကြောင်း မေ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။ (ယာပုံ)

အသက် ၃၆ နှစ်အရွယ်ရှိ အိန်ဂျလီနာဂျိုလီသည် ဘရက်ပစ်နှင့် ၂၀၀၄ ခုနှစ် ကတည်းက ချစ်ကြိုက်ခဲ့ခြင်းဖြစ်ပြီး လက်ထပ်ဖို့အတွက် နှောင့်နှေးကြန့်ကြာနေခဲ့ခြင်းဖြစ်သည်။

သရုပ်ဆောင်အဆိုတော်နှင့် စာရေးဆရာအပြင် ထုတ်လုပ်သူတစ်ဦးလည်းဖြစ်သော အိန်ဂျလီနာဂျိုလီသည် ၂၀၀၉ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်များက ဟောလိဝုဒ်တွင် ဝင်ငွေအကောင်းဆုံးရုပ်ရှင်မင်းသမီးအဖြစ် ဖောဘက်မဂ္ဂဇင်းက ဖော်ပြခံရသူဖြစ်သည်။

သူမသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ချစ်ကြည်ရေးသံတမန်တစ်ဦးလည်းဖြစ်ရာ လူမှုရေးလုပ်ငန်းများကိုလည်း တက်တက်ကြွကြွ လုပ်ကိုင်နေသူဖြစ်သည်။ အိန်ဂျလီနာဂျိုလီသည် ၂၀၁၀ ခုနှစ်က ပါဝင် သရုပ်ဆောင်ခဲ့သည့် The Tourist ဇာတ်ကားအတွက် အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်အဖြစ် နာမည်စာရင်းတင်သွင်း ခံရသူလည်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်က Kung Fu Panda-2 အမည်ရှိ ဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။

တစ်ဖန် ဒါရိုက်တာအဖြစ် In the Land of Blood and Honey ဇာတ်ကား ရိုက်ကူးခဲ့ရာတွင်လည်း အကောင်းဆုံး နိုင်ငံခြားစကားပြောဇာတ်ကားအဖြစ် ၂၀၁၁ ခုနှစ်က ရွှေကမ္ဘာလုံးဆုအတွက် အမည်စာရင်းပါဝင်ခဲ့သည်အထိ အောင်မြင်ခဲ့သည်။

ရုပ်ရှင်မင်းသမီး အိန်ဂျလီနာဂျိုလီသည် ရုပ်ရှင်မင်းသား ဂျွန်နီလီမီယာနှင့် ရုပ်ရှင်မင်းသား ဘီလီဘော့သွန်တန်တို့နှင့် ကွာရှင်းခဲ့ပြီးနောက် ယခုအခါ ဟောလိဝုဒ်ရုပ်ရှင်မင်းသား ဘရက်ပစ်နှင့် လက်ထပ်တော့မည်ဖြစ်သည်။ (အင်တာနက်)

The Avengers ဇာတ်ကား၌ သရုပ်ဆောင်မည့် ရုပ်ရှင်မင်းသမီး စကားလက်ဂျိုဟန်ဆင်

လော့စ်အိန်ဂျလိစ် မေ ၉

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး စကားလက်ဂျိုဟန်ဆင် (ဝဲပုံ) သည် The Avengers ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ရမည့်ဇာတ်ကောင်အတွက် ရုရှားစကားပြော လေ့ကျင့်နေကြောင်း မေ ၈ ရက်က သတင်းထုတ်ပြန်သည်။

မိမိသည် ရုရှားစကားပြောဆိုကာ သရုပ်ဆောင်လိုခြင်းဖြစ်ပြီး ကိုယ်တိုင်ပြောဆိုတတ်ပါက ဇာတ်ဝင်ခန်းများတွင် ပို၍ အသက်ဝင်လှုပ်ရှားစေမည်ဖြစ်ကြောင်း ရုပ်ရှင်မင်းသမီး စကားလက်ဂျိုဟန်ဆင်က ပြောကြားသည်။

ယခုရုရှားစကားပြော သင်ကြားပေးသူ ဆရာတစ်ဦးနှင့် စနစ်တကျ သင်ကြားနေခြင်းဖြစ်သည်။ မိမိသည် ရုရှားစကားပြောကို သွက်သွက်လက်လက် ပြောဆိုတတ်ချင်ကြောင်း၊ ဘာသာစကားတစ်ရပ်အနေဖြင့်လည်း သင်ယူရန်ဆန္ဒရှိနေကြောင်း ရုပ်ရှင်မင်းသမီး စကားလက်ဂျိုဟန်ဆင်က ပြောကြားသည်။

အသက် ၂၇ နှစ်အရွယ်ရှိ စကားလက်ဂျိုဟန်ဆင်သည် ရုပ်ရှင်သရုပ်ဆောင်၊ အဆိုတော်နှင့် မော်ဒယ်တစ်ဦးဖြစ်ရာ Under the Skin အမည်ရှိဇာတ်ကားမှာ ဥရောပနိုင်ငံများတွင် ရုံတင်ပြသ လျက်ရှိသည်။ ယင်းဇာတ်ကားတွင် စကားလက်ဂျိုဟန်ဆင်မှာ လူရာအမည်ရှိ အမျိုးသမီးတစ်ဦးအဖြစ် သရုပ်ဆောင်ထားခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားမှာ သူမအနေဖြင့် ပူးတွဲထုတ်လုပ်သူအဖြစ်လည်း တာဝန်ယူပြီး လုပ်ကိုင်ထားသည်။ ဂျိုဟန်ဆင်သည် လောလောဆယ်တွင် Hitchcock အမည်ရှိ ဇာတ်ကား၌လည်း ပါဝင်သရုပ်ဆောင်ထားသည်။

စကားလက်ဂျိုဟန်ဆင်သည် ကနေဒါရုပ်ရှင်မင်းသား ရေးနိုလ်နှင့် လက်ထပ်ခဲ့သော်လည်း ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်၌ လမ်းခွဲခဲ့ကြသည်။ ယခုအခါ The Avengers ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရန် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ (အင်တာနက်)

မောင်မောင်မြင့်ဆွေ - စုစည်းသည်

လီဗာပူးက ချယ်လ်ဆီးကိုလေးဂိုး-တစ်ဂိုးသွင်း အက်ဖ်အေဖလား ရှုံးကြွေးပြန်ဆပ်

လန်ဒန် မေ ၉

ပရီမီယာလိဂ်ပွဲစဉ်(၃၇) လက်ကျန်ပွဲအဖြစ် မေ ၉ ရက် နံနက်က လီဗာပူးနှင့် ချယ်လ်ဆီးတို့ ယှဉ်ပြိုင်ကစားရာ အိမ်ရှင်လီဗာပူးတို့က လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိ၍ ပြီးခဲ့သည့်အပတ်က အက်ဖ်အေဖလားဗိုလ်လုပွဲတွင် ရှုံးနိမ့်ခဲ့ခြင်းအပေါ် ပြန်လည်၍ရှုံးကြွေးဆပ်နိုင်ခဲ့သည်။

*လီဗာပူးအသင်းသည် ပထမပိုင်းပွဲချိန် ၁၉ မိနစ်၌ လီဗာပူးတိုက်စစ်မှူးဆွာရက်ဇ် ဂိုးအတွင်း ကန်သွင်းသော ဘောလုံးမှာ ချယ်လ်ဆီးကွင်းလယ်ကစားသမား အက်ဆီယံနှင့်ထိပြီး ဂိုးဝင်သွားသဖြင့် လက်ဆောင်အဖွင့်ဂိုးရရှိခဲ့သည်။ ကာရိုးလ်၊ ဆွာရက်ဇ်တို့က ချယ်လ်ဆီးနောက်တန်းကို ထိုးဖောက် ကစားခဲ့ရာ ပွဲချိန် ၂၅မိနစ်၌ ဟန်ဒါဆင်က လီဗာပူးအတွက် ဒုတိယဂိုး သွင်းယူပေးနိုင်ခဲ့သည်။ **(အပေါ်ပုံ)** ဆက်လက်ပြီး လီဗာပူးတို့တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၂၈ မိနစ်၌ အဂ္ဂါက ဂိုးသွင်းယူခဲ့သဖြင့် တတိယမြောက်ဂိုးရရှိခဲ့ပြန်သည်။ ပထမပိုင်းပွဲချိန်အပြီးတွင် လီဗာပူးတို့ သုံးဂိုးပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့သည်။*

*တောရက်စ်၊ မာလူဒါနှင့် ရာမီးရက်စ်တို့တိုက်စစ်ဖြင့် ပွဲထွက်လာသော ချယ်လ်ဆီးသည် ဒုတိယပိုင်း ပွဲချိန် မိနစ် ၅၀ ရောက်မှသာ ရာမီးရက်စ်က ချယ်လ်ဆီးအတွက် ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန် မိနစ် ၆၀ ၌ လီဗာပူးမှ ရှီလ်ဗေးက တစ်ဂိုးသွင်းယူခဲ့ပြန်သဖြင့် ပွဲပြီးချိန်၌ လီဗာပူးတို့က လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးတို့ ယခုပွဲရှုံးခဲ့သဖြင့် ၃၇ ပွဲကစား ၆၁မှတ်ဖြင့် တန်းစီဇယား၌ ဆဋ္ဌမအဆင့်တွင် ရပ်တည်လျက်ရှိပြီး လီဗာပူးက ယခုပွဲနိုင်သော်လည်း အဋ္ဌမအဆင့်၌သာ ရပ်တည်နေလျက်ရှိသည်။ **(အင်တာနက်)***

ချယ်လ်ဆီး၌ ဆက်ကစားမည့် တိုက်စစ်မှူးတောရက်စ်

လန်ဒန် မေ ၉

ချယ်လ်ဆီးတိုက်စစ်မှူး တောရက်စ်ဟာ ဒီနှစ်ဘောလုံးရာသီကုန်ချိန်မှာ အသင်းက ထွက်ခွာတော့မယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်နေမှုကို ငြင်းပယ်လိုက်ပြီး မိမိဟာ ချယ်လ်ဆီးမှာပဲ ဆက်လက်ကစားမယ်လို့ မေ ၉ ရက်မှာ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

အရင်ချယ်လ်ဆီးနည်းပြတွေလက်ထက်မှာ အရန်ခုံမှာကစားခဲ့ရပြီး ကစားသမား စာရင်းမှာ မသွင်းခဲ့တဲ့ အချိန်တွေကို တိုက်စစ်မှူး တောရက်စ် သည်းခံနေခဲ့ရပါတယ်။ အဲဒီအချိန်တွေမှာတော့ ချယ်လ်ဆီးအသင်းက ထွက်ခွာဖို့ အကြိမ်ကြိမ်စဉ်းစားခဲ့တယ်လို့ ဆိုပါတယ်။

လက်ရှိချယ်လ်ဆီးနည်းပြဖြစ်လာတဲ့ ဒီမက်တီယိုလက်ထက်မှာတော့ ချယ်လ်ဆီးတိုက်စစ်မှာ ပထမပွဲထွက်တိုက်စစ်မှူးအဖြစ် ယုံယုံကြည်ကြည်တာဝန်ပေးခဲ့တာမို့ တောရက်စ်ဟာ တစ်ပွဲထက်တစ်ပွဲ ခြေစွမ်းပြလာနိုင်ခဲ့ပြီး ဟက်ထရစ်တွေ သွင်းယူလာနိုင်ခဲ့ပါတယ်။

အသက်အရွယ်ရလာတဲ့ တိုက်စစ်မှူးတွေများလာတဲ့ ချယ်လ်ဆီးအသင်းဟာ တိုက်စစ်ပိုင်း လျင်မြန်ထက်မြက်မှု လိုအပ်နေတာကို နည်းပြဒီမက်တီယို သိရှိခဲ့ပြီး တစ်ဖက်အသင်း ဂိုးဧရိယာအရှေ့မှာ မြန်ဆန်သွက်လက်တဲ့ တောရက်စ် **(အပေါ်ပုံ)** ကို ယုံကြည်မှုအပြည့်နဲ့ တာဝန်ပေးခဲ့ခြင်းပဲဖြစ်ပါတယ်။

တောရက်စ်ဟာ ကြံ့ခိုင်မှု၊ လျင်မြန်မှု၊ ကြုံရင် ကြုံသလို ဂိုးသွင်းနိုင်မှုနဲ့ တစ်ဖက်အသင်း ဂိုးဧရိယာအတွင်းမှာ ထိုးဖောက်မွှေနှောက်ပြီး ဟာကွက်တွေပေါ်အောင် ကစားရင်း ကိုယ်တိုင်ဂိုးသွင်းနိုင်သလို ကစားဖော်တွေကိုလည်း ဂိုးရအောင်ဖန်တီးပေးနိုင်သူဖြစ်တယ်လို့ နည်းပြဒီမက်တီယို ယုံကြည်ခဲ့ခြင်းဖြစ်ပါတယ်။ အသက် ၂၈ နှစ်အရွယ်ရှိတဲ့ တောရက်စ်ဟာ ၂၀၀၁ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ အက်သလက်တီကိုမက်ဒရစ်အသင်းမှာ ၂၁၄ ပွဲကစားခဲ့ပြီး ၈၂ ဂိုးသွင်းယူပေးခဲ့သူ ဖြစ်ပါတယ်။ လီဗာပူးအသင်းမှာ ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ဘောလုံးပွဲပေါင်း ၁၀၂ ပွဲ ကစားပေးခဲ့ပြီး ၆၅ ဂိုးသွင်း ယူနိုင်ခဲ့သူဖြစ်ပါတယ်။ အခုချယ်လ်ဆီးအသင်းမှာ ၄၄ ပွဲ ကစားပေးထားပြီး ခုနစ်ဂိုးသွင်းယူပေးထားနိုင်ပေမယ့် လာမယ့်ဘောလုံးရာသီမှာ ခြေစွမ်းပြဂိုးသွင်းနိုင်မယ်လို့ ယုံကြည်ထားပြီး သူ့အပေါ်ထားရှိတဲ့ ဝေဖန်မှုတွေကို ချေဖျက်သွားဖို့ ချယ်လ်ဆီးမှာပဲ ဆက်ကစားမှာဖြစ်ပါတယ်။

(အင်တာနက်)

အမီရာခန်နှင့် ပီတာဆင်တို့လက်ဝှေ့ပွဲ အမီရာခန် မူးယစ်ဆေးသုံးမှုကြောင့် ပွဲပျက်

လပ်စ်ဗီးဂတ်စ် မေ ၉

အမေရိကန်လက်ဝှေ့သမားအမီရာခန်သည် လာမွန်ပီတာဆင်နှင့် မေ ၁၉ရက်၌ ထိုးသတ်ရန်စီစဉ်ထားသော်လည်း ကြိုတင်ဆေးစစ်မှုတွင် မူးယစ်ဆေးဝါးသုံးစွဲမှုတွေ့ရှိခဲ့သဖြင့် လက်ဝှေ့ပွဲထိုးသတ်ခွင့်ရရှိမည်မဟုတ်ကြောင်း မေ ၉ရက်က သတင်းထုတ်ပြန်သည်။

အမီရာခန်နှင့် ပီတာဆင် (ဝဲပုံ)တို့သည် အမေရိကန်နိုင်ငံလက်စ်ဗီးဂက်စ်မြို့၌ ဒဗလျူဘီအေလိုက်ဝယ်သာဝိတ်ချန်ပီယံခါးပတ်အတွက် ယှဉ်ပြိုင်ထိုးသတ်ရန် သဘောတူထားခဲ့သည်။ ပီတာဆင်မှာ ဆေးစစ်မှု အောင်မြင်ခဲ့သော်လည်း အမီရာခန်မှာ မူးယစ်ဆေးဝါးသုံးစွဲမှု တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ သို့သော် အမီရာခန်၏ မန်နေဂျာဖြစ်သူ နာဆစ်ဖ်ဗာလီက "ဆေးစစ်မှုမအောင်ခြင်းမှာအံ့သြဖွယ်ရာဖြစ်ကြောင်း၊ မိမိတို့ ထပ်မံဆေးစစ်မှုခံယူမည်ဖြစ်ကြောင်း" ထုတ်ဖော်ပြောကြားသည်။ အမီရာခန်နှင့် လာမွန်ပီတာဆင်တို့နှစ်ဦးသည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၁၀ ရက်က ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာတွင် ပီတာဆင်က အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် အမီရာခန်အနေဖြင့် ယခုလက်ဝှေ့ပွဲမှာ မကျေပွဲဖြစ်သည်။ အမီရာခန်နှင့် ပီတာဆင်တို့ပွဲကိုထိုးဖြစ်အောင် စီစဉ်ကြိုးစားသွားမည် ဖြစ်ကြောင်း၊ ၎င်းတို့နှစ်ဦးသည် လက်ရည်တူညီသည့် ပြိုင်ဘက်ကောင်းများဖြစ်ကြောင်း နာဆစ်ဖ်ဗာလီ ထုတ်ဖော်ပြောကြားသည်။ အမီရာ ခန်သည် အခြားဆေးခန်းများ၌ ဆေးစစ်မှုများ အမြန်ဆုံးပြန်လည်ပြုလုပ်မည်ဖြစ်သည်။ (အင်တာနက်)

နိုင်ငံတော်၏ လက်ရှိနှင့်အနာဂတ်ကာလအတွက် အဓိကလိုအပ်သော အချက်အလက်များအတွက် သန်းခေါင်စာရင်းကောက်ယူမည် တိုင်းပြည်အမှန်တကယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်ကိုက်ညီပြီး အရည်အသွေးပြည့်ဝမှန်ကန်သည့် သန်းခေါင်စာရင်းဖြစ်စေရန် ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်

နေပြည်တော် မေ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ဇမ္ဗူသီရိဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်(၂/၂၀၁၂)အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အမှာစကား ပြောကြား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ဗဟိုသန်းခေါင်စာရင်းကော်မရှင်(၂/၂၀၁၂) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အဆိုပါအစည်းအဝေးသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ကော်မရှင်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဗဟိုသန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်ရာ လုပ်ငန်းအဆင့်တိုင်း အဆင်ပြေချောမွေ့စွာ အချိန်မီဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရမည့် ဤအမျိုးသားရေးလုပ်ငန်းစဉ်ကြီးသည် အစိုးရဝန်ကြီးဌာနပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံ၊ လူထုလူတန်းစားပေါင်းစုံနှင့် အတူလက်တွဲဆောင်ရွက်သွားရမည့် လုပ်ငန်းကြီးဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်ရာ၌ ယင်းနိုင်ငံ၏ လူသားအရင်းအမြစ်များ မည်မျှရှိသည်ဆိုသည့်အချက်က အလွန်အရေးပါကြောင်း၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရန်သာမက ဆောင်ရွက်ပြီးစီးသော စီမံကိန်းရလဒ်များကို အကဲဖြတ်ရန်၊ စံပြုရန်၊ လူဦးရေ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာမူဝါဒများ၊ အစီအစဉ်များ ရေးဆွဲချမှတ်နိုင်ရန်နှင့် နိုင်ငံတော်၏ လက်ရှိနှင့်အနာဂတ်ကာလအတွက် အဓိကလိုအပ်သော အချက်အလက်များဖြစ်သည့်အတွက် ပြည်လုံးကျွတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

ကြီးမားကျယ်ပြန့်

လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်ပြီး ရှုပ်ထွေးနက်နဲ၊ ကုန်ကျစရိတ်ကြီးမားသော လုပ်ငန်းကြီးတစ်ခုဖြစ်သည့်အတွက် ကမ္ဘာ့နိုင်ငံအများစု၌ လူဦးရေသန်းခေါင်စာရင်းကို အများအားဖြင့် (၁၀)နှစ်တစ်ကြိမ်ကျသာ ကောက်ယူလေ့ရှိကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက် ၁၉၅၃ ခုနှစ်တွင် မြို့ပေါင်း ၂၅၂ မြို့နယ်နှင့် ချင်းပြည်နယ်၊ ၁၉၅၄ ခုနှစ်တွင် မြန်မာပြည်ပြည်မကျေးရွာအုပ်စု ၂၁၄၃ ခုနှင့် ကချင်ပြည်နယ်ရှိ ကျေးရွာအုပ်စု ၁၀၁၆ ခုတို့တွင် သန်းခေါင်စာရင်းကို ကောက်ယူခဲ့ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၁၉၇၃ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၃ ခုနှစ်တွင် တစ်ကြိမ် ကောက်ယူနိုင်ခဲ့ကြောင်း။

၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းကောက်ယူသည့် အဓိကရည်ရွယ်ချက်များမှာ ဆိုရှယ်လစ်စီးပွားရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုရန်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းရာ၌ လိုအပ်သည့် ပြည်သူ့အင်အားစာရင်းဇယားများ ထုတ်ပြန်နိုင်ရန်နှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများရရှိရန်တို့ဖြစ်ကြောင်း။

ရည်ရွယ်ချက်များ

၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်း၏ ရည်ရွယ်ချက်များမှာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းရပ်များအတွက် ခိုင်လုံသော အခြေခံစာရင်းအင်းများရရှိရန်၊ လူဦးရေကိန်းဂဏန်းများ အရည်အသွေးဆန်းစစ်ခြင်း၊ မွေးဖွားမှု၊ သေဆုံးမှု၊ လူဦးရေပြောင်းလဲမှုအခြေအနေများ ခန့်မှန်းခြင်းနှင့် လူဦးရေသုတေသနလုပ်ငန်းများ ပြုလုပ်နိုင်စေရန်တို့ဖြစ်ကြောင်း။

ယခုလာမည့် ၂၀၁၄ ခုနှစ်တွင် ကောက်ယူမည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းများအတွက် ခိုင်မာသည့် အခြေခံစာရင်းအင်းများရရှိရန်၊ နောင်လာမည့်နှစ်များအတွက် စီမံကိန်းများရေးဆွဲရာတွင် ပိုမိုတိကျမှုရှိသော ခိုင်မာသည့် ခန့်မှန်းလူဦးရေများ တွက်ချက်ပေးနိုင်ရန်၊ မွေးဖွားမှု၊ သေဆုံးမှု၊ လူဦးရေပြောင်းလဲမှုအခြေအနေများ ခန့်မှန်းနိုင်ရန်နှင့် အခြားလူဦးရေဆိုင်ရာ သုတေသနလုပ်ငန်းများ ပြုလုပ်နိုင်စေရန်၊ လူမှုရေး၊ စီးပွားရေးနှင့် အခြားနမူနာကောက်စစ်တမ်းများအတွက် အခြေခံစာရင်းများရရှိစေရန်၊ တိုင်းရင်းသားမျိုးနွယ်စုများနှင့် ပတ်သက်သည့် မျိုးနွယ်စုများ၏ အမည်/အခေါ်အဝေါ်များကို မှန်မှန်ကန်ကန်ပြုစုနိုင်ရန်၊ ၎င်းတို့၏ နေရပ်ဒေသတည်ရှိမှုများကို မှန်မှန်ကန်ကန်ဆန်းစစ်နိုင်ရန်နှင့် နိုင်ငံတော်၏ လူဦးရေမူဝါဒများ ချမှတ်ဆောင်ရွက်နိုင်ရန်တို့ ဖြစ်ကြောင်း။

ထို့အပြင် ပြည်တွင်း၊ ပြည်ပ ပြောင်းရွှေ့သွားလာမှုပုံစံနှင့် ပမာဏမွေးဖွားမှု၊ သေဆုံးမှုတို့ကို နှစ်အလိုက်၊ နေရာဒေသအလိုက် ရရှိနိုင်ကြောင်း၊ နိုင်ငံအတွင်းနေထိုင်သူများ၏ ဒေသအလိုက်၊ မြို့နှင့် ကျေးလက်နေလူဦးရေကို ရရှိနိုင်ရုံသာမက အလုပ်အကိုင်၊ ပညာအရည်အချင်း၊ *စာမျက်နှာ ၈ ကော်လံ ၁* ◆

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရုပ်မြင်သံကြားရိုက်ကူးထုတ်လွှင့်ရေးနှင့် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကို အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်

နေပြည်တော် မေ ၉

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Beijing B.V.E. Low Altitude Spatial Technology Co.,Ltd. မှ Mr. Wenji Gong နှင့် China Digital Video Limited မှ Mr. Hao Li Ming တို့ ဦးဆောင်သည့် အားကစားပြိုင်ပွဲများတွင် ခေတ်မီစက်ကိရိယာများနှင့် နည်းပညာအသုံးပြု၍ သတင်းရိုက်ကူးထုတ်လွှင့်ခြင်း၊ မှတ်တမ်းတင်ခြင်းများ အတွေ့အကြုံရှိသောအဖွဲ့နှင့် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရုပ်မြင်သံကြားရိုက်ကူးထုတ်လွှင့်ရေးနှင့် ဖွင့်ပွဲ၊ *စာမျက်နှာ ၈ ကော်လံ ၅* ✳

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ Beijing B.V.E. Low Altitude Spatial Technology Co.,Ltd. မှ Mr. Wenji Gong နှင့် China Digital Video Limited မှ Mr. Hao Li Ming တို့ ဦးဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစဉ်။
(သတင်းစဉ်)